ကန္တာရမိုင်တိုင်များ

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

အေအေပီပီဘီ

၂၃ မတ် ၂၀၀၀ - ၂၃ မတ် ၂၀၁၀

၁၀ နှစ်ပြည့်မှတ်တမ်း

ကန္တာရပိုင်တိုင်များ

၁၀ နှစ်ပြည့်မှတ်တမ်း

၂၃ မတ် ၂၀၀၀ - ၂၃ မတ် ၂၀၁၀

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ■ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)
ပုံနှိပ်ခြင်း ■ ပထမအကြိမ်၊ ဒီဇင်ဘာ ၂၀၁၀ ခုနှစ်
အုပ်ရေ ■ ၁၀၀၀
ဂရပ်ဖစ်ဒီဇိုင်း ■ သီဟမောင်မောင်

PO Box 93, Mae Sot, Tak 63110, Thailand.
http://www.aappb.org
email: info@aappb.org

မ ာ တိ က ာ

- စကားဦး ၅
- ခရီးအစ ၇
- ရည်ရွယ်ချက် ၉
- အမှတ်တရ ၁၁
  - ကိုတိတ် ၁၃
  - ကိုဘိုကြည် ၁၇
- ကူညီစောင့်ရှောက်ရေး ၂၁
- ရုံးလုပ်ငန်း ၂၃
  - လုပ်အားပေး ၂၄
  - အလုပ်သင် ၂၄
  - အရည်အချင်းမြှင့်သင်တန်းများ ၂၅
  - နိုင်ငံတကာလှုပ်ရှားမှု ၂၅
  - နိုင်ငံရေးအကျဉ်းသားဟောင်းများမိတ်ဆုံစားပွဲ ၂၆
  - သတင်းထုတ်ပြန်ချက်၊ ကြေညာချက်၊ စာတမ်းအစီရင်ခံစာ ၂၇
  - မီဒီယာ ၂၇
  - အင်တာနက်စာမျက်နှာ ၂၈
- စာအုပ်များ ၂၉
- နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး ၄၃
- ဆုများ ၄၉
- ပြခန်း ၅၅
  - ရင်နဲ့ခင်းတဲ့ပြခန်းလေး ၅၉
- ယုံကြည်ချက် ၆၃

စကားဦး

နိုင်ငံရေးအကျဉ်းသားဆိုသည်မှာ စစ်အာဏာရှင်ခေတ်အဆက်ဆက် အငြင်းအပွားရဆုံး စကားလုံးတလုံးဖြစ်သည်။ မြန်မာပြည်တွင် ရှစ်လေးလုံး အရေးတော်ပုံ နောက်ပိုင်းမှ နိုင်ငံရေးအကျဉ်းသား ရှိခဲ့ခြင်းမဟုတ်ပါ။ ရှစ်လေးလုံးအရေးတော်ပုံ ရှေ့ပိုင်းတလျှောက်လုံးလည်း အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားများ အမြဲမပြတ်ရှိခဲ့ပါသည်။ သို့သော် ဖိနှိပ်အုပ်ချုပ်သူများက လူထုကို နိုင်ငံရေးနှင့် အဆက်ဖြတ်ထားခဲ့ရာ နံရံလေးဘက်အတွင်း ယုံကြည်ချက်ကြောင့် ချုပ်နှောင်ခံထားရသူများ၏ပုံရိပ်မှာ လူမသိသူမသိသာ ရှိခဲ့ပါ သည်။ ရှစ်လေးလုံးအရေးတော်ပုံကြောင့် လူထုအတွင်း နိုင်ငံရေး အသိစိတ်ဓာတ်များ ပြန်လည်နိုးကြားလာခဲ့သည်။ သာမန်လူထုများကိုယ်တိုင် ဖိနှိပ်ချုပ် ချယ်သော ပုဒ်မအမျိုးမျိုးဖြင့် ထောင်ထဲအထည့်ခံကြရသည်။ ထိုအခါ နိုင်ငံရေး အကျဉ်းသားများကိစ္စမှာ မြန်မာ့နိုင်ငံရေး ပြဿနာတွင် ရှေ့တန်းရောက်လာခဲ့ပါသည်။

လူထု၏ နိုင်ငံရေးအသိအမြင်ကို ချိုးနှိမ်ရာတွင် ဖိနှိပ်သူများက ထောင်ကို ကောင်းကောင်းအသုံးချကြပါသည်။ လူထုခေါင်းဆောင်များကို ထောင်ထဲထည့်သည်။ တက်ကြွလှုပ်ရှားသူများကို ထောင်ထဲထည့်သည်။ ငြင်းဆန်ကန့်ကွက်သူများကို ထောင်ထဲထည့်သည်။ စာဒကတက်သူများ၊ မကျေနပ် မနာခံသူများကို ထောင်ထဲထည့်သည်။ နောက်ဆုံး မိဘဆွေမျိုး ညီအကိုမောင်နှမသားချင်းများ၊ ထမင်းကျွေး ရေတိုက် လက်ခုပ်တီးမိသူများကိုပါ ထောင်ထဲထည့်သည်။ ထောင်ကိုလက်ကိုင်ထားကာ လူထုကို မလှုပ်ဝံ့အောင်လုပ်ခြင်းပင်။

ထိုအခါ လူထု၏နိုင်ငံရေးအသိအမြင်ကို ပြန်လည်မြှင့်တင်ရန် ထောင် မကြောက်တရား ဟောဖို့လိုလာသည်။ လက်တွေ့အနေဖြင့်လည်း ရှေ့မှနေကာ ထောင်ကို ဝင်လိုက်ထွက်လိုက်လုပ်ပြသည်။ တတိုင်းတပြည်လုံးသည်ပင် အကျဉ်းထောင်ကြီးတခုဖြစ်ကြောင်း လူထုကို အသိပေးသည်။ ထောင်ထဲမှာ ဘယ်သို့သော ညှင်းပမ်းမှုနှင့် နှိပ်စက်မှုများရှိရှိ ဘယ်လိုပုံရင်ဆိုင်ကာ ဘယ်သို့တိုက်ပွဲခဲ့ကြောင်း အများသိအောင်ထုတ်ဖော်သည်။ ထောင်နဲ့ခြောက်တာကို လူတွေက မကြောက်တော့ဘူးဆိုသည့်တနေ့ ဖိနှိပ်သူတို့ ဘာဆက်လုပ်မည်နည်း။ ဒါသည်ပင် အဖိနှိပ်ခံတို့၏ နှလုံးရည် အရင်းခံသော အကောင်းဆုံး တိုက်ပွဲနည်းလမ်း တခုဖြစ်လာပေလိမ့်မည်။

ထိုယုံကြည်ချက်ဖြင့် နိုင်ငံရေးအကျဉ်းသားဟောင်းများစုစည်းကာ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းကို ၂၀၀၀ ခုနှစ် မတ်လတွင် ဖွဲ့စည်းခဲ့သည်။ ယခုအခါ ဆယ်နှစ်တိုင်ခဲ့ပြီ။ တကယ်တော့ နိုင်ငံရေးအကျဉ်း

သားဟူသည်မှာ ကိုယ့်ယုံကြည်တာကို ထောင်မကြောက်တန်းမကြောက် လုပ်ခဲ့သူများဖြစ်သည်။ ဘယ်သူကတာ ကယ်တာကိုမှ မျှော်လင့်ကြတာမဟုတ်။ ကူညီစောင့်ရှောက်သည်ဆိုသည့်စကားက တကယ်တော့ သူတို့ကို စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာအရ အားပေးထောက်ခံခြင်းကို ဆိုလိုသည်။ ဆယ်နှစ်အတွင်း ယုံကြည်ချက်ကြောင့် အကျဉ်းကျ နေသူများ၏ ဂုဏ်သတိကို ပြည်တွင်းကော နိုင်ငံတကာကပါ အာရုံစိုက် အလေးဂရုပြုလာခဲ့သည်ဟုဆိုလျှင် ဒါက မိမိတို့ မီးမောင်းထိုးပြခဲ့မှုကြောင့် သက်သက်တော့မဟုတ်။ သူတို့၏ အနစ်နာခံ စွန့်လွှတ်မှုများကိုက ထွန်းပြောင်နေခြင်း ကြောင့်ဖြစ်သည်ဟု ဆိုချင်သည်။

နိုင်ငံတနိုင်ငံတွင် ယုံကြည်ချက်ကြောင့် လူအများ ထောင်သွင်းအကျဉ်းကျခံနေရသည်ဟုဆိုလျှင် ထိုနိုင်ငံကို အုပ်ချုပ်သူတို့သည် တိုင်းသူပြည်သားများ၏ လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးများကို ချိုးဖောက်နေကြောင်း ထင်ရှားသည်။ ထို့အပြင် ထိုဖမ်းဆီးခံရသူများအား စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာနှင့်တကွ မိသားစုများ၏ ဘဝ အခြေအနေများကိုပါ ရည်ရွယ်ချက်ရှိရှိ ပျက်ပြားအောင် ပြုမူနေသည်ဆိုလျှင်တော့ ပြည်တွင်းပြည်ပ တရားဥပဒေများ နှင့် နိုင်ငံတကာဥပဒေစံနစ်များကိုပါ ချိုးဖောက်နေခြင်းဖြစ်သည်မှာ ငြင်းကွယ်မရပေ။ ဆယ်နှစ်အတွင်း မိမိတို့ အေအေပီပီသည် ထိုချိုးဖောက်မှုများကို အသေးစိတ်ကော၊ ကိစ္စတခုချင်းပါ သတင်းထုတ်ပြန်ချက်များ အစီရင်ခံစာများ နေ့စဉ်တွေ့ဆုံဖြေကြားမှုများလုပ်ကာ အဆက်မပြတ် ဖေါ်ထုတ်တင်ပြခဲ့ပါသည်။

အစိုးရကောင်းတရပ်၊ လူထုလက်ခံသောအစိုးရတရပ် ဟုတ်မဟုတ်ကိုတိုင်းတာရန် နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေသည် အကောင်းဆုံးပေတံတချောင်း ဖြစ်ပါသည်။ တိုင်းပြည်တွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးပြဿနာများ၏ အတိမ်အနက်ကိုလည်း နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေက ဖော်ပြနေပါသည်။ နိုင်ငံရေးအကျဉ်းသားများ အားလုံး လွတ်မြောက်ရေးကို မိမိတို့ အမြဲမပြတ်ကြိုးစားသွားမည်သာဖြစ်သည်။ အများအကျိုးအတွက် တိုက်ပွဲဝင်နေ သူများ နံရံလေးဘက်နောက်မှာရှိနေသရွေ့ မင်္ဂလာရှိသော လူ့အဖွဲ့အစည်းတခု ဖြစ်မလာနိုင်ဟု ယုံကြည်သောကြောင့် ဖြစ်ပါသည်။ တနည်း နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်သောနေ့သည် ပြည်သူအားလုံးလွတ်မြောက်သော နေ့ဟုလည်း ဆိုနိုင်ပါသည်။

နောက်ဆုံးအနေဖြင့် မိမိတို့၏ ရင်တွင်းစကားတခုကို ပြောပြချင်ပါသည်။

မြန်မာပြည်တွင် ပြည်သူများ အဖိနှိပ်ခံနေရသောကြောင့် နိုင်ငံရေးအကျဉ်းသားများ ရှိနေခြင်းဖြစ်သည်။ နိုင်ငံရေး အကျဉ်းသားများ ရှိနေခြင်းကြောင့် အေအေပီပီ ရှိနေခြင်းဖြစ်သည်။ ဆယ်နှစ်ပြည့်အောင် ရပ်တည်နိုင်ခဲ့သည်ကို ဂုဏ်ယူစရာဟုမထင်ပါ။ ဖြစ်နိုင်လျှင် ဒီကနေ့ညနေမှာပင် အေအေပီပီကို ဖျက်သိမ်းပစ်ချင်ပါသည်။ နိုင်ငံရေး အကျဉ်း သားအားလုံး အမြန်ဆုံးလွတ်မြောက်ပါစေ။ ပြည်သူလူထု လွတ်မြောက်ပါစေ ■

ခရီးအစ

၁၉၈၈ စက်တင်ဘာလ စစ်အစိုးရတက်လာပြီးနောက် မြန်မာပြည် အကျဉ်းထောင်များတွင် နိုင်ငံရေး အကျဉ်းသားများ အများအပြားအကျဉ်းချခံကြရသည်။ မြန်မာပြည်ရှိအကျဉ်းထောင်များ၏ အခြေအနေမှာ အလွန် ဆိုးဝါးလှသည်။ အဟာရမပြည့်ဝသောအစားအသောက်များကို မဝမလင်ကျွေးသည်။ စောင်၊ သောက်ရေခွက် စသော မရှိမဖြစ် အသုံးအဆောင်ပစ္စည်းများကို လောက်ငအောင်မပေး။ ကျန်းမာရေးအတွက် ဆေးဝါးလည်းမပြည့်စုံ။ ထို့ကြောင့် အရာအားလုံးနီးပါး မိမိတို့၏ အိမ်မှ ပြန်မှာကြရသည်။ ထို့နောက် ထောင်ဝင်စာမလာနိုင်သူ၊ ချို့ငဲ့သူများနှင့် ဝေခြမ်းသုံးစွဲကြရသည်။ ဝေမျှစားသောက်ကြရသည်။ နိုင်ငံရေးအကျဉ်းသားအချင်းချင်းကြား ထိုသို့ ဖေးမကူညီ ဝိုင်းဝန်းစောင့်ရှောက်တတ်သည့် အလေ့အကျင့်လေး ထွန်းကားတည်ရှိလာတာ ချစ်စရာလည်းကောင်းသည်။ မေ့နိုင်စရာလည်း မရှိ။

ထို့အပြင် နိုင်ငံရေးအကျဉ်းသားများမှာ နံရံလေးဘက်နောက်တွင် ပြင်ပ ကမ္ဘာနှင့် အဆက်အသွယ် ဖြတ်တောက်ထားခြင်းခံကြရသည်။ ၁၅ ရက်တကြိမ် ထောင်ဝင်စာ ၁၅ မိနစ်ခန့်တွေ့ခွင့်ရသော်လည်း လွတ်လပ်စွာ တွေ့ဆုံပြောဆိုခွင့်မရ။ အာဏာပိုင်များက တင်းကြပ်စွာ စောင့်ကြည့်နေသည်။ ထိုအခါ အထဲမှာ အနေကြာလာလေ ပြင်ပအခြေအနေများကို မျက်ခြေပြတ်လေ၊ သိချင်စိတ်ပြင်း ပြလေ ဖြစ်ကြရသည်။ ဟင်းမပါရင်နေ၊ သတင်းပါအောင် ယူခဲ့ပါဟု မှာတတ်ကြသည်။ နောက်ပြီး အထဲမှာ နေ့စဉ်ကြုံတွေ့ခံစားနေရသည့် မတရားမှု၊ ဖိနှိပ်မှု နှင့် အခွင့်အရေးဆုံးရှုံးနေမှုများကို အပြင်ကလူတွေကို ပြောပြချင်သည်။ အကျဉ်းထောင်တွင်းအခြေအနေများအား ပြင်ပကမ္ဘာကို အသိပေးချင်သည်။ အေအေပီပီကို ဖွဲ့စည်းခဲ့ရာတွင် အထက်ကပြောခဲ့သည့် ကိုယ်တွေ့ခံစားချက်များ ကလည်း အဓိကနေရာက ပါဝင်ခဲ့ပါသည်။

၁၉၉၂ နောက်ပိုင်း နိုင်ငံရေးအကျဉ်းသားအချို့ လွတ်ရက်စေ့သွားကြသည့်အတွက် ပြန်လည်လွတ်မြောက်လာခဲ့ကြ သည်။ ထိုသို့ အပြင်ပြန်ရောက်လာသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများထဲမှ အများစုက အကျဉ်းထောင်တွင်း ကျန်ရစ်ခဲ့သော အတူနေနိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေများကို စာနာနားလည်စွာ၊ သူတို့၏ စိတ်ဓာတ်များကို လေးစာဂုဏ်ယူစွာဖြင့် တတ်နိုင်သည့်ဖက်မှ ကူညီစောင့်ရှောက် အားပေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

အစုအဖွဲ့များဖွဲ့ကာ ပွဲတော်ရက်များ။ အခါကြီးရက်ကြီးများတွင် ဈေးရောင်းပွဲများ ပြုလုပ်၍ ရံပုံငွေ ရှာဖွေခဲ့ကြ

သည်။ မိမိတို့အထဲရှိ တတ်နိုင်သူများကလည်း ဝိုင်းဝန်းထည့်ဝင်ကြသည်။ အချို့အကျဉ်းသားဟောင်းများက စိတ်တူကိုယ်တူစုပြီး ဆေးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ ဆန်ဆိုင် စသည်ဖြင့် ဆိုင်ခန်းလေးများဖွင့်ပြီး စားဝတ်နေရေးကို တဘက်ကဖြေရှင်းရင်း တဆက်တည်း အထဲက မိမိတို့ရဲဘော်တွေအတွက်၊ ပြန်လွတ်လာတဲ့ သူတွေအတွက် ကူညီပံ့ပိုးခဲ့ကြသည်။ စားစရာများကို အကျဉ်းထောင်များအထိ သွားရောက်ပို့ပေးခဲ့ကြသည်။ အထဲမှာ မရှိမဖြစ်လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကိုလည်း ကူညီထောက်ပံ့ခဲ့ကြသည်။

၁၉၉၆ ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှုနောက်ပိုင်း နိုင်ငံရေးအကျဉ်းသားဟောင်းအတော်များများ ပြန်လည်အဖမ်းခံခဲ့ရသည်။ အချို့ပုန်းရှောင်နေခဲ့ကြရသည်။ အချို့ နယ်စပ်သို့တိမ်းရှောင်လာခဲ့ကြသည်။

နယ်စပ်သို့ ရောက်ရှိလာသော နိုင်ငံရေးအကျဉ်းသားဟောင်းများသည် နယ်စပ်ဒေသ လှုပ်ရှားမှု၊ နိုင်ငံတကာလှုပ်ရှားမှု၊ ပြည်တွင်းလှုပ်ရှားမှုများတွင် တတ်စွမ်းသရွေ့ ပါဝင်လုပ်ဆောင်ပေးခဲ့ကြသည်။

အကျဉ်းထောင်တွင်း ကျန်ရစ်နေခဲ့သည် နိုင်ငံရေးအကျဉ်းသားများအတွက် မည်သို့ကူညီစောင့်ရှောက်နိုင်မလဲ။ သူတို့ရဲ့ လူ့အခွင့်အရေးရှုံးနေမှုများကို ကမ္ဘာ့အရပ်ရပ်မှ လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ အစိုးရများ၊ ကုလသမဂ္ဂ၊ ကမ္ဘာ့မိသားစုများ ပိုမိုသိရှိလာရန် မည်သို့ဆောင်ရွက်လှုပ်ရှားမလဲဆိုသည့် စဉ်းစားချက်များအပေါ်တွင် အခြေခံ၍ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ဖြစ်မြောက်ရေးကော်မတီကို ထိုင်း-မြန်မာနယ်စပ်တွင် အခြေပြုနေထိုင်သော နိုင်ငံရေးအကျဉ်းသားဟောင်း ၁၀ ဦးဖြင့် စတင်၍ ဖွဲ့စည်းထူထောင်ခဲ့သည်။

၂၀၀ ခုနှစ် မတ်လ ၂၃ ရက်နေ့ (ကိုမင်းကိုနိုင် ဖမ်းဆီးခံရသည့် ၁၁ နှစ်ပြည့်မြောက်သည့်နေ့) တွင် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ကို အတည်ပြုဖွဲ့စည်းခဲ့သည်။ မြန်မာပြည်ဒီမိုကရေစီရေးကြိုးပမ်းမှုကြီး ထဲတွင် လိုအပ်နေသော ကွက်လပ်တခုအား ဖြည့်ဆည်းခဲ့ခြင်းလည်း ဖြစ်ပါသည် ■

ရည်ရွယ်ချက်

၁။ မြန်မာနိုင်ငံ အကျဉ်းထောင်များထဲတွင်ရှိနေသည့် နိုင်ငံရေးအကျဉ်းသားများ၏ ဖိနှိပ်ညှင်းပမ်းခံနေရသည့် အခြေအနေများကို နိုင်ငံတကာ လူ့အဖွဲ့အစည်းများ သိရှိနိုင်ရေးအတွက် ဖော်ထုတ်ရန်။

၂။ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအကျဉ်းသားများအား ညှင်းပမ်းနှိပ်စက်နေမှုများကို ဟန့်တားနိုင်ရေးအတွက် နိုင်ငံတကာအသိုင်းအဝန်းမှ စစ်အစိုးရအား ဖိအားပေးလာစေရန်။

၃။ လက်ရှိမြန်မာပြည်အကျဉ်းထောင်များအတွင်း အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် နှင့် ၄င်းတို့၏ လိုအပ်ချက်အခြေအနေများကို စနစ်တကျကူညီထောက်ပံ့နိုင်ရန်။

၄။ ပြစ်ဒဏ်ကုန်ဆုံးပြီးနောက် အကျဉ်းထောင်အသီးသီးမှ လွတ်မြောက်လာ သည့် နိုင်ငံရေးအကျဉ်းသားများအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် ရပ်တည်ခွင့်မရအောင် စစ်အစိုးရအနေဖြင့် အမျိုးမျိုးဟန့်တားနှောက်ယှက်နေခြင်းမှ ကာကွယ်ပေးရန်။

၅။ ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးအတွက် နည်းလမ်းများ ရှာဖွေကူ ညီသွားရန်။

“ အမှတ်တရ

အကျဉ်းထောင်ထဲက လွတ်လာတဲ့လူတိုင်း ခံစားချက်တူတာလေး တခုတော့ ရှိတယ်။ ဒါကဘာလဲဆိုတော့ အကျဉ်းထောင်ထဲမှာ ကျန်နေခဲ့တဲ့ရဲဘော်တွေအတွက် တခုခု လုပ်ပေးရမယ်ဆိုတဲ့ အသိပဲဖြစ်တယ်။
ကိုတိတ်နိုင်
အတွင်းရေးမှူး

အေအေပီပီ ရယ်လို့ စဖြစ်ပြီးတော့ ပထမဆုံးထုတ်တဲ့ အစီရင်ခံစာက မြင်းခြံထောင်နဲ့ ပတ်သက်တဲ့ အစီရင်ခံစာ ဖြစ်ပါတယ်။ အဲဒီ အချိန်တုန်းက မြင်းခြံထောင်ဟာ အခြေအနေအဆိုးဆုံး ဖြစ်နေတာမို့လို့ မြင်းခြံထောင်အကြောင်းကိုရွေးပြီး ရေးခဲ့တာပါ။ ဒီအစီရင်ခံစာက အေအေပီပီကို နိုင်ငံတကာ အသိုင်းအဝန်းက ပိုသိလာစေခဲ့ပါတယ်။
ကိုတိုကြည်
တွဲဘက်အတွင်းရေးမှူး

”

ကိုတိတ်နိုင်
အတွင်းရေးမှူး

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ဖွဲ့စည်းထူထောင်ခဲ့တာ ၁၀ နှစ်ပြည့်ခဲ့ပါပြီ

အကျဉ်းထောင်ထဲက လွတ်လာတဲ့လူတိုင်း ခံစားချက်တူတာလေး တခုတော့ရှိတယ်။ ဒါကဘာလဲဆိုတော့ အကျဉ်းထောင်ထဲမှာ ကျန်နေခဲ့တဲ့ ရဲဘော်တွေအတွက် တခုခုလုပ်ပေးရမယ်ဆိုတဲ့ အသိပဲဖြစ်တယ်။ ဒါကြောင့်လည်း အေအေပီပီဟာ ၁၀ နှစ်တိုင် တည်တံ့နိုင်ခဲ့တာပေါ့။

လူတယောက်အတွက် ထောင်ကထွက်တဲ့နေ့ဟာ အပျော်ဆုံးနေ့ထဲမှာ ပါတယ်ဆိုပေမယ့် ကျနော်တို့နိုင်ငံရေး အကျဉ်းသားတွေအတွက်တော့ ဒီ စကားက မမှန်ပါဘူး။ ကျနော်တို့မပျော်နိုင်ပါဘူး။ ကျန်နေခဲ့တဲ့ ရဲဘော်တွေ အတွက် စိတ်မကောင်းဖြစ်ခဲ့ကြတဲ့ လူတွေချည်းပါ။

ထောင်ကထွက်လာပြီး မကြာခင်မှာ ကျနော်နဲ့ ကိုစည်သူ၊ ကိုစိုးနိုင်တို့ ၃ ဦး ပေါင်းပြီး မြောက်ဥက္ကလာပမှာ ဆေးဆိုင်လေးတဆိုင်ဖွင့်ခဲ့တယ်။ ကျနော်တို့ရဲ့ ဝမ်းစာအတွက်ရော၊ ထောင်ထဲမှာကျန်နေခဲ့လူတွေအတွက် ဆေးဝါး အထောက်အပံ့အတွက်ပါ ရည်ရွယ်ပြီးဖွင့်ခဲ့တဲ့ ဆိုင်လေးပဲဆိုပါစို့။ နိုင်ငံရေး အကျဉ်းသားဟောင်းတွေ စုဆုံရာနေရာ လေးလည်း ဖြစ်ခဲ့တယ်။

နိုင်ငံရေးအကျဉ်းသားဟောင်းတွေ စုဆုံရာ နောက်တနေရာဖြစ်လာတာ ကတော့ ကျနော်နဲ့ ကိုသားကြီး (အခု အေအေပီပီ) တို့ ၁၉၉၅-၆ မှာဖွင့်ခဲ့တဲ့ ပက်စီအေးဂျင့်လေး ဖွင့်ထားရာ ကြည့်မြင်တိုင်မြို့နယ်က ပန်းပင်ကြီးလမ်းထိပ်မှာ ပဲဖြစ်တယ်လို့ပြောရမှာပါ။

နောက်ပိုင်း ဘဝတူ၊ စိတ်တူ ကိုယ်တူ အပေါင်းအသင်းတွေနဲ့ ရံပုံငွေရှာတဲ့ ဈေးရောင်းပွဲတွေလုပ်ခဲ့တယ်။ အမိကဒိုင်ခံဦးစီးသူကတော့ အခုနော်ဝေးကိုရောက်နေတဲ့ မရီရီထွန်းပဲဖြစ်တယ်။ သူပဲဦးစီးပြီးတော့ ရံပုံငွေတွေလည်း ကောက်တယ်။ ဈေးဝယ်တယ်။ ကြော်လှော်တယ်။ ထောင်တွေကို ကိုယ်တိုင်သွားပြီး ထောင်ဝင်စာပို့တယ်။ နိုင်ငံရေး အကျဉ်းသားဟောင်း အတော်များများလည်း စိတ်ထက်သန်စွာ ပါဝင်လုပ်ကိုင်ခဲ့တယ်။

ဒီလိုနဲ့ ဦးနုရှာပန အခမ်းအနားမှာ အချို့အဖမ်းခံရ၊ ၁၉၉၆ ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှုမှာ အတော်များများ အဖမ်းခံလိုက်ရတယ်။ တချို့လည်း တိမ်းရှောင်နေရကြရတယ်။ တိမ်းရှောင်ရတဲ့အထဲမှာ ကျနော်လည်း အပါအဝင်ပေါ့။ ၁၉၉၇ ခုနှစ် ဩဂုတ်လမှာတော့ ကျနော် နယ်စပ်ကိုထွက်လာခဲ့တယ်။ တနှစ်ကျော်လောက် ဒီဖက်မှာရှိတဲ့ အဖွဲ့အစည်း

အချို့ကိုမှီခိုရင်း၊ သူတို့ရဲ့ လုပ်ငန်းတွေကိုကူညီရင်း နေထိုင်ဖြစ်ခဲ့တယ်။ အဓိက လူ့ဘောင်သစ်ချင်းမိုင်ရုံးနဲ့ ခရစ်စတီနားဖင့်တို့အိမ်မှာနေခဲ့ဖြစ်တာပါ။ နောက် ကိုမိုးသီး၊ ကိုနိုင်အောင်တို့ရဲ့ အကူအညီနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးနဲ့ ပူးတွဲလုပ်ဆောင်ခဲ့တာတွေရှိတယ်။

၁၉၉၉ ခုနှစ် နှစ်ဝွန်လမှာ ကျနော်၊ ကိုအောင်ဇော် (ဧရာဝတီအယ်ဒီတာချုပ်)၊ ကိုမင်းဇင် (အမေရိကန်နိုင်ငံ)၊ ကိုသက် (ဒီဗွီဘီ)၊ ကိုသားညွှန့်ဦး (ဗွီအိုအေ)၊ ကိုဇော်ထွန်း (အေအေပီပီ)၊ တို့စုစည်းပြီး အကျဉ်းထောင်ထဲက နိုင်ငံရေး အကျဉ်းသားတွေအတွက် ငွေကြေးကူညီထောက်ပံ့နိုင်ရန်ရည်ရွယ်ပြီး နရသိန် လူမှုရေးအသင်းကို ဖွဲ့စည်းခဲ့ပြီး တသီးပုဂ္ဂလ အလှူရှင်များထံမှ အလှူငွေကောက်ခံကာ ငွေကြေးအနည်းအကျဉ်း ကူညီနိုင်ခဲ့တယ်။

အဲဒီအချိန်တုန်းက ကိုဆန်းတင့် (အမေရိကန်နိုင်ငံ) ဟာ ကျနော်တို့ ဒီဖက်ကိုရောက်လာပြီး ကျနော်တို့ အိမ်မှာ နေခဲ့ပါတယ်။ တချိန်တည်းမှာပဲ OSI က ပါပရစ်ရှာ က ချင်းမိုင်မှာ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားတွေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို စုဆောင်းနေတဲ့နေတဲ့အချိန်ပါ။ သူတို့ရဲ့ စုဆောင်းတဲ့ နည်းစနစ်ဟာ ကောင်းမွန်တာကြောင့် ကိုဆန်းတင့်ကို အဲဒီကိုလွှတ်ပြီး အလုပ်သင်အနေနဲ့ ဝင်ရောက်လုပ်ကိုင်စေပါတယ်။ ကျနော်လည်း လေ့လာခဲ့တယ်။ ဒီအခြေအနေတခုဟာလည်း အေအေပီပီဖြစ်လာရတဲ့ အကြောင်းအရင်းထဲမှာ တခုအပါအဝင်ဖြစ်ခဲ့ပါတယ်။

နောက်ပိုင်းမှာ နရသိန်က ငွေကြေးထောက်ပံ့မှုဟာ အရေအတွက်အားဖြင့် မပြောပလောက်တာရယ်။ နိုင်ငံရေးအရ၊ စိတ်ပိုင်းဆိုင်ရာအရ ကူညီချင်တာ၊ သူတို့ရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေ၊ စိတ်ဓာတ်တွေကို နိုင်ငံတကာက သိအောင် ကြိုးစားချင်တာကြောင့်ရယ်ကြောင့် နယ်စပ်ဒေသမှာရှိတဲ့ နိုင်ငံရေးအကျဉ်းဟောင်းတွေ စုစည်းပြီး နိုင်ငံရေးအကျဉ်းသား ကူညီစောင့်ရှောက်အသင်း (မြန်မာနိုင်ငံ) လှုံ့ဆော်ရေးကော်မတီကို ၁၉၉၉ ဒီဇင်ဘာလ ၁ ရက်နေ့မှာ စတင်ဖွဲ့စည်းဖြစ်ခဲ့တယ်။

ဒီအချိန်မှာ ကိုဘိုကြည်လည်း ဒီဖက်ရောက်လာတာကြောင့် သူလည်း စိတ်ဝင်စားတယ်ဆိုတာနဲ့ ကိုဘိုကြည်လည်း ဖွဲ့စည်းစဉ်ကာလမှာပဲ အဓိကနေရာက ပါဝင်ခဲ့ပါတယ်။

စတင် ဖွဲ့စည်းစဉ်ကာလမှာ အခြားအဖွဲ့များနည်းတူ ရပ်တည်ရေးအတွက် ဘဏ္ဍာငွေအခက်အခဲကို စတင်ကြုံတွေ့ရပါတယ်။ ကျနော်၊ ကိုမင်းဇင်၊ ကိုဘိုကြည်တို့ ငှားထားတဲ့အိမ်မှာ ရုံးခန်းဖွင့်နိုင်ခဲ့ပေမယ့် နေ့တဓူဝ ရုံးအသုံးစရိတ်နဲ့ ရုံးမှာ လုပ်ကိုင်နေတဲ့ လူတွေရဲ့ အသုံးစရိတ်ကအစ လိုအပ်ခဲ့ပါတယ်။ အတွင်းကို ကူညီဖို့ဆိုတာ ဝေးရောပေါ့။ ဒါပေမယ့် အေအေပီပီမှာ လုပ်ကိုင်နေတဲ့လူတွေက သူတို့မိခင်အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်ရေး အကူအညီနဲ့ပဲ အဖွဲ့ရပ်တည်ရေးကို လည်ပတ်ခဲ့ရတယ်။

၁ နှစ်လောက်အတွင်းမှာပဲ အလှူရှင်ပေါ်ခဲ့တယ်။ ငွေကြေးအရ လုံလောက်တာမဟုတ်ပေမယ့် အဖွဲ့ လည်ပတ်နိုင်ဖို့နဲ့ အကျဉ်းထောင်တွေထဲက နိုင်ငံရေးအကျဉ်းသားတွေကို အနည်းငယ်ကူညီနိုင်ခဲ့တယ်။ နောက်ပိုင်းမှာတော့ အလှူရှင်တွေများလာခဲ့ပါတယ်။ သို့သော်လည်း လုံလောက်တဲ့ ထောက်ပံ့မှုမျိုးတော့ မဟုတ်သေးပါဘူး။

အဖွဲ့အစည်းတခုကို ထူထောင်ရတာ မခက်ခဲလှပေမယ့် ရေရှည်ရပ်တည်နိုင်ဖို့ ထိထိရောက်ရောက်လုပ်ကိုင်နိုင်ဖို့ဆိုတာ့ အတော်ကြိုးစားရပါတယ်။ အဖွဲ့အစည်းတွေရဲ့ သဘာဝအတိုင်း အဖွဲ့အတွင်း ပဋိပက္ခတွေလည်း မကြာခဏ ကြုံတွေ့ခဲ့ကြရပါတယ်။ ဒါပေမယ့် အဖွဲ့ဝင်များဟာ ကိုယ်လုပ်နေတဲ့ အလုပ်ရဲ့ အဓိကရည်ရွယ်ချက်အပေါ်မှာ ရပ်ခံပြီး ညှိနှိုင်းခဲ့တာတွေကြောင့် ဒီအခက်အခဲတွေကို ကျော်ဖြတ်နိုင်ခဲ့ပါတယ်။

အကြောင်းကြောင်းကြောင့် ညီလာခံ ၃ ကြိမ်သာလုပ်နိုင်ခဲ့ပြီး စုံညီအစည်းအဝေး ၂ ကြိမ်သာ ပြုလုပ်နိုင်ခဲ့တယ်။ အဖွဲ့ဝင်အင်အား ၁၀၀ ကျော်ရှိပေမယ့် နယ်စပ်အခြေစိုက်က ၂၀ တောင်မပြည့်တော့တာလည်း ပါပါတယ်။

အခုဆိုရင် နိုင်ငံတကာမှာ နိုင်ငံရေးအကျဉ်းသားဟောင်းများ အတော်များများ ရောက်ရှိနေထိုင်နေကြပါတယ်။ သူတို့လည်း ရောက်ရာအရပ်က တတ်စွမ်းသ၍ နိုင်ငံအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ မိသားစုများကို ကူညီပံ့ပိုးပေးမှုတွေ ပြုလုပ်ကြပါတယ်။ ဒါဟာလည်း ဂုဏ်ယူစရာတခုပါ။

ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားတွေ ရှိနေသေးသ၍ အေအေပီပီရှိဖို့လိုအပ်ပါတယ်။ သို့မဟုတ်

အေအေပီပီလို အဖွဲ့အစည်းမျိုး လိုအပ်နေသေးတယ်ဆိုတာတော့ အသေအချာပါ။ ဒီခံယူချက်ကြောင့်ပဲ ကျနော်လည်း အေအေပီပီမှာ ၁၀ နှစ် နေနိုင်ခဲ့တာလို့ ပြောပါရစေ။

နောက်ဆုံးအနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေလွတ်မြောက်ရေးအတွက် တတပ်တအား ဆောင်ရွက်ပေးနေကြတဲ့၊ ပေးခဲ့ကြတဲ့ အေအေပီပီအဖွဲ့ဝင်များ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနဲ့ သူတို့ရဲ့ အကျဉ်းသားအခွင့်အရေးတွေ၊ လူ့အခွင့်အရေးတွေ ဆုံးရှုံးနေရမှုတွေ၊ ကျူးလွန်ဖောက်ဖျက်ခံနေရမှုတွေကို အချက်အလက်ရှာပေးတဲ့၊ စုဆောင်းပေးတဲ့ မြန်မာပြည် ပြည်တွင်းပြည်ပက မိတ်ဆွေများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောပါရစေ ■

ကိုဘိုကြည်
တွဲဘက်အတွင်းရေးမှူး

အေအေပီပီရဲ့ သန္ဓေက ၁၉၉၂ - ၁၉၉၃ လောက်က စတင်ခဲ့တယ်လို့ ပြောရပါမယ်။ အဲဒီ အချိန်တုန်းက အချို့သော သူတွေဟာ အကျဉ်းထောင် အသီးသီးကနေ ပြန်လွတ်လာကြပြီး ထောင်ထဲမှာ ကျန်နေခဲ့တဲ့ သူတို့ရဲ့ ရဲဘော် တွေအတွက် ရံပုံငွေရှာတဲ့အနေနဲ့ ဈေးရောင်းပွဲတွေလုပ်ကြ၊ ရတဲ့ ရံပုံငွေလေးနဲ့ ထောင်ထဲက လူတွေကို ထောက်ပံ့ကြနဲ့၊ မမောနိုင်၊ မပမ်းနိုင် လုပ်နေကြတာပါ။ အဲဒီအချိန်တွေကတည်းက တက်တက်ကြွကြွလုပ်ခဲ့ကြတဲ့ လူတွေထဲမှာ ကိုတိတ် နိုင်၊ ကိုဘိုကြည်၊ ကိုမိုးမြတ်သူ၊ မရီရီထွန်း၊ မမိုးကလျာဦး။ မအေးအေးမိုး (ဆူး လေ)၊ မချို့နွယ်ဦး အစရှိသဖြင့် ထောင်ထွက်တွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေကို တက်တက်ကြွကြွ ကူညီသူတွေ ပါဝင်ခဲ့ကြတာပါ။

နောက်တခုကတော့ ကိုတိတ်၊ ကိုအောင်ဇော် (ဧရာဝတီ မဂ္ဂဇင်းအယ်ဒီ တာချုပ်) တို့ တည်ထောင်ထားတဲ့ နရသိမ်ပါ။

အဲသလိုနဲ့ ကျနော်လည်း ၁၉၉၄ ခုနှစ်မှာ ဒုတိယအကြိမ် အဖမ်းခံရပြီး ထောင်ဒဏ် ၅ နှစ် ပေးခြင်းခံရပြန်ပါတယ်။ ၁၉၉၈ ခုနှစ်မှာ ပြန်လည် လွတ် မြောက်လာပြီး ၁၉၉၉ ခုနှစ်မှာ ထိုင်း-မြန်မာနယ်စပ်မှာ အခြေစိုက်ထားတဲ့ People Power 21 လို့ခေါ်တဲ့ အဖွဲ့က လှုံ့ဆော်တဲ့ ၉၉၉၉ (ကိုးလေးလုံး) လှုပ်ရှားမှုက ကျနော့်လုပ်ဖော်ကိုင်ဖက် အချို့အဖမ်းခံခဲ့ရတဲ့ အခြေအနေ ဖြစ် ပေါ်လာခဲ့ပါတယ်။ အဲဒီ ဂယက်ကြောင့်ပဲ ပြည်ပကိုထွက်ဖို့ ဆုံးဖြတ်ခဲ့ပြီး ၁၉၉၉ ခုနှစ် စက်တင်ဘာလကုန်မှာ ထိုင်း-မြန်မာနယ်စပ်ကို ကျနော် ရောက်ရှိခဲ့ပါ တယ်။

ကျနော်က ပြင်ပမှာ ရှိနေတဲ့ အဖွဲ့အစည်းတွေနဲ့ အဆက်အသွယ်မရှိတာကြောင့် မဲဆောက်ရောက်တော့ ဈေးထဲ မှာ တရက်ကို ကျောတခင်းစာ ဘတ် ၂၀ ပေးအိပ်ပြီးတော့ ဒီဖက်က အဖွဲ့အစည်းတွေရဲ့ အဆက်အသွယ်ကို ရှာခဲ့ရပါ တယ်။ ဒါပေမဲ့ သိပ်ခက်ခက်ခဲခဲတော့ မရှာရပါဖူး။ ကိုမိုးသီးဇွန်တို့ကို ဆက်သွယ်လို့ ရခဲ့ပါတယ်။ မှတ်မှတ်ရရ ဈေးထဲက လက်ဖက်ရည်ဆိုင်ကနေ ကျနော့်ကို ကိုမိုးသီးဇွန်ဆီကို လာခေါ်သွားတဲ့သူကတော့ ကိုသက်မှူးပါ။

အဲဒီနောက်မှာတော့ ကိုမင်းဇင်၊ ကိုတိတ်နိုင်တို့နဲ့ အဆက်အသွယ် ရခဲ့ပါတယ်။ နောက်တော့ ကိုတိတ်နဲ့ ကိုမင်းဇင် က ဟိုဖိုင်ဖက်မှာ အိမ်လေးတလုံးငှားပြီး ကျနော်တို့ ၃ ယောက် အတူတူနေထိုင်ခဲ့ကြပါတယ်။ အဲဒီအချိန်တွေတုံးက ကိုတိတ်နဲ့ ကိုမင်းဇင်က ချင်းမိုင်မှာ အနေများပြီး ကျနော့်ကို အိမ်တလုံးနဲ့ မသွားတတ်၊ မလာတတ် ဖြစ်နေတဲ့အချိန်မှာ အမိက ကူညီပေးတဲ့သူကတော့ လူ့ဘောင်သစ်က ကိုညီဖြစ်ပါတယ်။ အဲဒီအချိန်တွေတုံးက ထိုင်းနိုင်ငံမှာလည်း အခုလို

မိုဘိုင်းဖုန်းတို့ ကွန်ပျူတာတို့ ပေါ်တဲ့ခေတ်မဟုတ်ပါဘူး။

ကျနော်လည်း လူသစ်တွေရဲ့ထုံးစံအတိုင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတဲ့ အချိန်ပါ။ ဒါပေမဲ့ ကျနော့်အတွက် ကံကောင်းတာက ဒီဖက်မှာရှိနေတဲ့ လူအတော်များများကို ကျနော်ကသိနေသလို၊ ကျနော့်ကိုလည်း သူတို့က သိနေကြပါတယ်။ ဒီ့အတွက်လည်း ကျနော်က လွယ်လွယ်ကူကူနဲ့ လူဝင်ဆံ့ခဲ့ပါတယ်။

အဲဒီနောက်တော့ မြန်မာပြည်မှာ အင်္ဂလိပ်စာကျူရှင်ပြလာခဲ့တာကို သိထားတဲ့လူတွေက အင်္ဂလိပ်စာ သင်တန်းပေးဖို့ အကြံပေးတဲ့အတွက် ကျနော်လည်း အဖွဲ့အစည်းတွေထဲက အင်္ဂလိပ်စာ လေ့လာချင်တဲ့ သူတွေကို အင်္ဂလိပ်စာ သဒ္ဒါနဲ့ အရေး၊ အဖတ် သင်တန်းလေးဖွင့်ဖြစ်ခဲ့ပါတယ်။ နောက်တော့ ကိုသန်းထွဋ်တို့ ထုတ်နေတဲ့ မိုးကြိုးစာစောင်မှာ ကိုယ်တွေ့ ထောင်အတွေ့အကြုံများ ခေါင်းစဉ်နဲ့ လစဉ်ရေးဖြစ်ပါတယ်။ အဲဒီ အချိန်တုံးက ကျနော်လည်း အင်္ဂလိပ်လို နည်းနည်းတော့ ပြောတတ်နေပါတယ်။

နောက်ပိုင်းမှာတော့ ကိုမိုးသီး၊ ကိုဝင်းမင်း၊ ကိုအောင်မိုးဇော်၊ ကိုညို တို့က ကျနော့်ကို သူတို့နဲ့ သိတဲ့ နိုင်ငံခြားသားတွေ လာလည်ရင် မိတ်ဆက်ပေး၊ သတင်းထောက်တွေနဲ့ ပေးတွေ့၊ အလှူရှင်တွေနဲ့ မိတ်ဆက်ပေး၊ ဒီလိုနဲ့ နေရင်းနဲ့ ကျနော်လည်း လူသိများလာပါတယ်။

အေအေပီပီရယ်လို့ နောက်မှာ ဖြစ်လာမယ့်အစုကလေးကို စစဉ်းစားတာကတော့ ကိုတိတ်နဲ့ ကိုမင်းဇင် ဖြစ်ပါတယ်။ သူတို့က အဲဒီအချိန်မှာ နရသိမ်ဆိုပြီးလုပ်နေတာ။ နရသိမ်ကတော့ နိုင်ငံတကာမှာရှိနေတဲ့ သူတို့နဲ့ သိတဲ့ သူတွေရယ်၊ သူတို့ကိုယ်တိုင်ရယ်က ကိုယ်နိုင်သလောက် ပိုက်ဆံလေးစုပြီး ထောင်ထဲမှာရှိနေတဲ့ သူတွေအတွက် ထောက်ပံ့ပေးနေတဲ့ အစုအဖွဲ့ကလေးပါ။

သူတို့စဉ်းစားချက်က နရသိမ်ရဲ့လုပ်ရပ်က အနည်းအကျဉ်းပဲ လုပ်နိုင်တယ်။ ကျယ်ကျယ်ပြန့်ပြန့်မလုပ်နိုင်ဘူး။ နိုင်ငံရေးအကျဉ်းသား ကိစ္စကလည်း နိုင်ငံရေးအရ အရေးကြီးတယ်။ ထောင်ထွက်တွေ ကိုယ်တိုင်နဲ့ လုပ်နိုင်ရင် ပိုကောင်းမယ်ဆိုတဲ့ စဉ်းစားချက်ပါ။ ကျနော်ကလည်း ကိုယ်ကျွမ်းကျင်တာကလည်း ထောင်ပဲရှိတာမို့ လွယ်လွယ်ကူကူနဲ့ပဲ ခေါင်းငြိမ့်ပြီး သဘောတူခဲ့ပါတယ်။

အဲဒီအချိန်တွေတုန်းက ကျနော်ကလည်း ရောက်ကာစ၊ ဘာလက်မှတ်မှလည်း မရှိနဲ့ လမ်းထွက်တိုင်း အဖမ်းခံရတာကလည်း အကြိမ်ကြိမ်ပါဘဲ။ တခါဆိုရင် အင်မတန်မှ သည်းထိပ်ရင်ဖိုပါ။ ချင်းမိုင်မှာ ကျင်းပတဲ့ ပညာရေးညီလာခံ တခုကို ကျနော်သွားတက်ပါတယ်။ ဒါပေမဲ့ ကံဆိုးစွာနဲ့ပဲ အဲဒီပညာရေးညီလာခံကျင်းပတဲ့နေရာကို ရဲနဲ့ လဝက က ဝင်ဖမ်းပါတယ်။ ပြီးတော့ ထိုင်းနိုင်ငံမှာ တရားဝင်နေထိုင်ခွင့် ရှိမရှိ စစ်ဆေးပါတယ်။ ကျနော်နဲ့ အခြား ၆ ဦးက ဘာနေထိုင်ခွင့်မှ မရှိတဲ့အတွက် ကျနော်တို့ အဖမ်းခံရပါတယ်။ ပြီးတော့ ကျနော်တို့က မဲဆောက်ကလာတဲ့အတွက် မဲဆောက် လဝကအချုပ်ကိုပြန်ပို့ပါတယ်။ ကိုယ့်ကိုကိုယ်လည်း ငိုအားထက် ရယ်အားသန်ဆိုသလို ပြောရမှာပဲ။ ပထမ ရက်တွေတုံးက ကြယ်ငါးပွင့်ဟိုတယ်ကြီးမှာ အိပ်ရပြီး အခုကျတော့လည်း သောင်းရင်းမြစ်နားက ထိုင်း လဝကရဲ့ အချုပ်ထဲမှာ ပုဆိုးခြုံပြီးကွေးရတဲ့ ညတညဟာ အမှတ်ရစရာလေးပါ။ ဒါပေမဲ့ ကံကောင်းချင်တော့ ထိုင်းထောက်လှမ်းရေးက ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကို အကူအညီတောင်းပြီး ကျနော်တို့ကို ပြန်ပို့လို့ မဖြစ်ကြောင်း၊ ပြန်အပို့ခံရင် ကျနော်တို့ နှိပ်စက်ညှင်းပမ်းခံရပြီး ထောင်နှစ်ရှည်ကျခံရနိုင်ကြောင်းပြောပြီး ညှိနှိုင်းတော့မှ အဆင်ပြေသွားပြီး ကျနော်တို့ကို တရားဝင် မလွှဲတော့ပဲ အခြားနေရာကနေ မြန်မာဖက်ခြမ်းက ပြန်ပို့ပါတော့တယ်။ ပြီးတော့မှ ကျနော်တို့ ဒီဖက်ကိုပြန်လာခဲ့ရတာပါ။ ထိုင်းကိုရောက်ပြီး ရင်အတုန်ရဆုံးနေ့ဆိုရင်တော့ အဲဒီနေ့ကလေးကို ပြောရမှာပါ။

အခု အေအေပီပီ ရုံးတည်တဲ့ နေရာဟာ အေအေပီပီ မဖြစ်ခင်က ကိုမင်းဇင်၊ ကိုတိတ်နဲ့ ကျနော်နေဖို့ ငှားခဲ့တာ ဖြစ်ပါတယ်။

အေအေပီပီရယ်လို့ အဖွဲ့အစည်းလေးထောင်မယ်လို့ စဉ်းစားပြီးတဲ့အခါမှာ ပထမဆုံးလုပ်ခဲ့တာကတော့ မဲဆောက်မှာရှိနေတဲ့ ထောင်ထွက်တွေနဲ့ စပြီး စကားပြောရတာပါဘဲ။ ဒီလူတွေ သဘောတူတဲ့အခါမှ ကျနော်တို့ ပထမဆုံး

လှုံ့ဆော်ရေးကော်မီတီဆိုပြီး စတင်ဖွဲ့စည်းပါတယ်။ အဲဒီလိုဖွဲ့စည်းတယ်ဆိုပေမဲ့ ကျနော်တို့မှာ ကွန်ပျူတာမရှိ၊ အီးမေးလ်လည်း မရှိသေးပါ။ ဒါပေမဲ့ ဗကသ (နိုင်ငံခြားရေးကော်မီတီ) ကသူတို့ ရုံးဖုန်းနဲ့ ကွန်ပျူတာကို သုံးစွဲခွင့်ပေးထားပါတယ်။ ထိုနည်းတူ အခြားရုံးတွေကလည်း ကျနော်တို့ကို သုံးစွဲခွင့်ပြုပါတယ်။ သူတို့ဆီကလည်း ကိုသားညွန့်ဦးနဲ့ ကိုဇော်ထွန်းကလည်း ထောင်ထွက်တွေဖြစ်ပြီး လှုံ့ဆော်ရေးကော်မီတီထဲမှာ ပါဝင်ခဲ့ပါတယ်။ ကျနော်က စတိတ်မင့်ထုတ်ပြီးရင် မီဒီယာတွေနဲ့ အင်တာဗျူးလုပ်ဖို့ အဲဒီရုံးမှာစောင့်နေရပါတယ်။ မီဒီယာ အင်တာဗျူးတွေပြီးတော့မှ အိမ်ပြန်ပေ့ါ။ အိမ်ပြန်တယ် ဆိုတာကလည်း တရားဝင်နေထိုင်ခွင့် ရှိတဲ့သူမဟုတ်တော့ ကိုယ်ပြန်ချင်တဲ့ အချိန်ထပြန်သွားလို့ ရတာမဟုတ်ပါဘူး။ အခြေအနေကို စုံစမ်း၊ လမ်းကြောင်းရှင်းတယ်ဆိုတော့မှာ တယောက်ကို ဆိုင်ကယ်နဲ့ လိုက်ပို့ဖို့ အကူအညီတောင်းရတာပါ။

အဲဒီလို လှုံ့ဆော်ရေးကော်မီတီ ဖွဲ့ပြီးတဲ့ အခါကျမှ ကျနော်တို့ နေနေတဲ့ အိမ်ကလေးကို ရုံးအဖြစ် စတင်သုံးစွဲခဲ့ပါတယ်။ ကိုမင်းဇင်ကလည်း ချင်းမိုင်မှာ ရှိနေတဲ့ သူတို့ရဲ့ကွန်ပျူတာတလုံးကို ကျနော်တို့ သုံးဖို့ပေးပါတယ်။ ကျနော်ဆိုတဲ့ကောင်ကလည်း နည်းပညာနဲ့ပတ်သက်ရင် တော်တော်ညံ့တဲ့ကောင်ပါ။ ကွန်ပျူတာဆိုတာကလည်း ဒီဖက်ကိုရောက်မှမြင်ဖူးတာ။ ကိုင်ဖူးတာ။ အီးမေးလ်ဆိုတာလည်း မြန်မာပြည်မှာတုန်းက ကြားတောင် မကြားဖူးဘူး။ ဒီရောက်မှ ဒါတွေကို အစကနေသင်ရတာဆိုတော့ စိတ်ပျက်စရာလည်း ကောင်းပါတယ်။ ဒါပေမဲ့ ကျော်လွှားနိုင်ခဲ့ပါတယ်။

အေအေပီပီမှာ ကျနော်က တွဲဖက်အတွင်းရေးမှူးဖြစ်ပြီး ကျနော့်ရဲ့အဓိကတာဝန်များကတော့ - သံတမန်များ၊ မီဒီယာသမားများ (အထူးသဖြင့် နိုင်ငံခြားသားသတင်းစာဆရာများ)၊ အလှူရှင်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနဲ့ ရုံးမှာ လုပ်အားလာပေးနေတဲ့ နိုင်ငံခြားများအား စီမံခန့်ခွဲခြင်းများ၊ ပရိုပိုဆယ်ရေးသားခြင်း၊ အစီရင်ခံစာများ ရေးသားခြင်းတို့ကို အဓိကလုပ်ရပါတယ်။

စဖွဲ့တဲ့အချိန်မှာ ကျနော်တို့မှာ ပရိုပိုဆယ်ဆိုတာ မရှိပါဖူး။ ဒီဖက်မှာရှိနေတဲ့ သူတွေကလည်း စောင့်ကြည့်နေတာပေ့ါ။ ကျနော်တို့ အစမ်းသပ်ခံနိုင်ခဲ့တယ်လို့ ပြောလို့ရပါတယ်။ ကျနော်တို့ဟာ ဒီဖက်မှာ ရှိနေတဲ့ အဖွဲ့အစည်းများရဲ့ ထောက်ခံမှုကို ရရှိခဲ့ပါတယ်။

ကျနော်တို့ရပ်တည်နိုင်ဖို့ အဓိက ကူညီပေးနေတဲ့ သူတွေထဲမှာ ကယ်လီ (Kelly) -- IRI, ခရစ်စတီနားဖင့်က်တို့က သူတို့ရဲ့ကိုယ်ပိုင်ပိုက်ဆံတွေနဲ့ ဘတ် ၅၀၀၀ ပေးလိုက်။ တခါတခါဆိုရင်လည်း ဘတ် ၁၀၀၀၀ ပေးလိုက်နဲ့ ကျနော်တို့ကို ကူညီပါတယ်။ အခြား ကျနော်တို့နဲ့တွေ့တဲ့ ဧည့်သည်တွေကလည်း သူတို့တတ်နိုင်သလောက်လှူကြနဲ့ ရပ်တည်ခဲ့ရပါတယ်။

ကျနော်လည်း ပရိုပိုဆယ် ဆိုတာအခုမှ ကြားဖူးတော့ မရေးတတ်ပါဖူး။ နောက်တော့ ကိုမင်းဇင်က သူဝိုင်းရေးပေးမယ် ဆိုပြီးတော့ စရေးဖြစ်ပါတယ်။ ဒါပေမယ့်ရေးပြီးရင် ဘယ်နေရာကိုပို့မှာလဲ၊ ဘယ်သူ့ဆီကိုပို့မှာလဲ၊ ကျနော်လည်းမသိပါဖူး။ နောက်တော့ အခု ကျနော်တို့ကို နှစ်စဉ်ထောက်ပံ့ပေးနေတဲ့ အင်န်အီးဒီ (NED) က ဘရိုင်ယန်ဂျိုး ဇါ့ဆက် (Brian Josep) နဲ့ သိခွင့်ရပါတယ်။ အဲဒီနောက် သူကလည်း စိတ်ဝင်စားပြီး ပရိုပိုဆယ်တင်ဖို့ ပြောပါတယ်။ အဲဒီ ပရိုပိုဆယ်ကို အချောသတ်တာကတော့ ကယ်လီပါ။ ပြီးတော့ သူကိုယ်တိုင်ပဲ ယူသွားပြီး အင်န်အီးဒီနဲ့ ဆွေးနွေးပေးပါတယ်။ အဲဒီလိုနဲ့ သက္ကရာဇ် ၂၀၀၀ ခုနှစ်မှာပဲ ပထမဆုံး အေအေပီပီ ရုံးလည်ပတ်ဖို့နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ထောက်ပံ့နိုင်ဖို့ ဒေါ်လာ ၄၀၀၀၀ စတင်ရရှိခဲ့ပါတယ်။

ကျနော်တို့အိမ်မှာ လာရောက်နေထိုင်ခဲ့တဲ့ လူနှစ်ယောက်ရှိပါသေးတယ်။ အေအေပီပီရဲ့အစကို ပြောမယ်ဆိုရင် သူတို့နှစ်ယောက်ကို ချန်ထားခဲ့လို့ မဖြစ်ပါဖူး။ သူတို့က ကိုဇော်ဝင်းလွင်နဲ့ ကိုကျော်သူရတို့ဖြစ်ကြပြီး အဲဒီအချိန်က အေဘီအက်စ်ဒီအက်ရဲ့ထောက်ပံ့ရေးဌာနမှာ တာဝန်ယူထားတဲ့သူတွေ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်က အလှူရှင်တွေကို ပြန်တင်ရမည့် အစီရင်ခံစာတွေကို ရေးတဲ့အခါမှာ တော်တော်ကျွမ်းကျင်သူတွေ ဖြစ်နေကြပါပြီ။ အင်္ဂလိပ်လိုလည်း ကျနော့်ထက် တော်တော်တတ်ကြပါတယ်။ သူတို့နှစ်ယောက် ကျနော်တို့နဲ့ အတူနေရင်း အစီရင်ခံစာ ဘယ်လိုရေးရတယ်၊ ဘယ်နေရာမှာ ဘယ်လို စကားလုံးမျိုးသုံးရတယ် အစရှိသဖြင့် သင်ကြားပေးပါတယ်။

အေအေပီပီ ရယ်လို့ စဖြစ်ပြီးတော့ ပထမဆုံးထုတ်တဲ့ အစီရင်ခံစာက မြင်းခြံထောင်နဲ့ ပတ်သက်တဲ့ အစီရင်ခံစာ ဖြစ်ပါတယ်။ အဲဒီ အချိန်တုန်းက မြင်းခြံထောင်ဟာ အခြေအနေအဆိုးဆုံး ဖြစ်နေတာမို့လို့ မြင်းခြံထောင်အကြောင်းကို ရွေးပြီး ရေးခဲ့တာပါ။ ဒီအစီရင်ခံစာက အေအေပီပီကို နိုင်ငံတကာ အသိုင်းအဝန်းက ပိုသိလာစေခဲ့ပါတယ်။

နောက်ပြီးတော့ ကိုမင်းကိုနိုင်ကို ကျောင်းသားငြိမ်းချမ်းရေးဆုအတွက် ကြိုးစားခဲ့တာပါ။ အဲဒီဆုရရှိဖို့အတွက်ကို အဓိက ဝိုင်းကြိုးစားပေးခဲ့တာက ခမည်းလာဘူဇီ လို့ခေါ်တဲ့ နော်ဝေသူလေးတယောက်ပါ။ ကိုမွန်းအောင်လည်း ပါတာပေါ့။ ကျနော့်ရဲ့ ပထမဆုံး နိုင်ငံတကာခရီးစဉ်ထွက်ဖို့ ဖြစ်လာတာကလည်း ကိုမင်းကိုနိုင် ကျောင်းသားငြိမ်းချမ်းရေးဆုရပြီး သူ့ကိုယ်စား ဆုယူဖို့ အဖိတ်ခံရလို့ ဖြစ်လာတာပါ။ အဲဒါက ၂၀၀၁ ခုနှစ် မတ်လပါ။ အဲဒီ နှစ်မှာပဲ ချက်သမ္မတ နိုင်ငံကပေးတဲ့ ဟိုမိုဟိုမီနီဆုကိုလည်း ရရှိခဲ့ပါသေးတယ်။ အဲဒီဆုကိုလည်း ကျနော်ကပဲ ကိုမင်းကိုနိုင်ကိုယ်စား လက်ခံယူခဲ့ပါတယ်။

ကျနော်လည်း သံတမန်တွေနဲ့ ထိတွေ့ခွင့်၊ ပြောဆိုခွင့်တွေ ရလာခဲ့ပါတယ်။ နော်ဝေမှာ ကျနော်နဲ့ ကိုသားညွန့်ဦး တို့နှစ်ယောက် နော်ဝေဝန်ကြီးချုပ်နဲ့တွေ့ပြီး မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေတွေကို တင်ပြခွင့်ရခဲ့သလို၊ ချက်နိုင်ငံမှာ တော့ အဲဒီအချိန်က သမ္မတဖြစ်နေတဲ့ ဗားကလက်ဟားဗေနဲ့ သတင်းစာရှင်းလင်းပွဲ အတူတူလုပ်ခဲ့ပါတယ်။

ဒီလို လုပ်ကိုင်နေရင်းနဲ့ပဲ ကျနော်ဟာ နိုင်ငံတော်တော်များများကို ရောက်ရှိခဲ့ဖူးပြီးပါပြီ။ အမြင့်ဆုံး သမ္မတနဲ့ တွေ့ခွင့်ရသလို။ နိုင်ငံခြားရေးဝန်ကြီး။ အမတ်များနဲ့လည်း တွေ့ခွင့်ရခဲ့ပါတယ်။

အေအေပီပီမှာလုပ်ရင်း ရင်ဆိုင်ရတဲ့ အခက်အခဲတခုက မီဒီယာသမားတွေ လွယ်လင့်တကူ ဆက်သွယ်နိုင်ဖို့ဆိုတာ အတွက်လည်း လက်ကိုင်ဖုန်းကို ၂၄ နာရီ ဖွင့်ထားပေးရပါတယ်။ တခါတလေ မီဒီယာသမားတွေက မနက်အစောကြီး ၃ နာရီ၊ ၄ နာရီ အင်တာဗျူးလုပ်ချင်ရင်လည်း ထလုပ်ပေးရပါတယ်။ မြန်မာပြည်ထဲမှာ လှုပ်ရှားမှုကြီးကြီး ဖြစ်တာတို့၊ အဖမ်းအဆီးများတာတို့၊ လွတ်တာတို့ဖြစ်ပြီဆိုရင် ကျနော်ညမအိပ်ရတတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တကမ္ဘာလုံးက ဖုန်း (သို့) အီးမေးလ်နဲ့ လှမ်းမေးတာတွေကို ဖြေကြားနေရလို့ပါ၊ ဥပမာ - ကိုမင်းကိုနိုင် တို့ ၂၀၀၇ ခုနှစ်မှာ အဖမ်းခံ ရတုံးကဆိုရင် ၃ ရက်လောက် ကောင်းကောင်း မအိပ်ရဘဲ တကမ္ဘာလုံးက မေးနေတာတွေကို ဖြေရတော့တာပါပဲ၊ ဒီလိုလုပ်ပေးတဲ့အတွက်လည်း ကျနော်တို့နဲ့ မီဒီယာသမားတွေဟာ အပြန်အလှန်နားလည်မှုရခဲ့တာပါ။ နှစ်ဦးနှစ်ဖက် အတွက် အကျိုးရှိစေပါတယ်။

ကျနော်ဟာ နိုင်ငံတကာ ဆုတွေရပါစေရဲ့လို့ ရည်ရွယ်ပြီး လုပ်နေတာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျနော်ဟာ နိုင်ငံတကာ အဖွဲ့အစည်းများရဲ့အသိအမှတ်ပြုမှုကိုတော့ ရရှိခဲ့ပါတယ်။ ပထမဆုံးကတော့ ၂၀၀၂ ခုနှစ်မှာ အီတလီနိုင်ငံ အခြေစိုက် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကပေးတဲ့ အသိအမှတ်ပြုကဒ်ပြားကလေးပါ၊ နောက်တခုကတော့ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ၂၀၀၈ ခုနှစ်အတွက် ချီးမြှင့်တဲ့ လူ့အခွင့်အရေးကာကွယ်ရေးဆု ကိုရရှိခဲ့ပါတယ်။ အဲဒီဆု လက်ခံရရှိဖို့အတွက် ၂၀၀၈ ခုနှစ်မှာ အမေရိကန် ပြည်ထောင်စုကို ထပ်မံသွားရောက်ခဲ့ရပါတယ်။ ၂၀၀၉ ခုနှစ်မှာလည်း လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့ကြီးကနေပဲ ကျနော့်ကို "The Alison De Forge Defender Award" ကိုထပ်မံ ချီးမြှင့်ခဲ့ပါတယ်။ အဲဒီဆုပေးပွဲကို အင်္ဂလန်၊ ဂျာမနီနဲ့ ဆွစ်ဇာလန်နိုင်ငံတွေမှာ ကျင်းပပေးခဲ့ပါတယ်။ ဒီဆုတွေဟာ ကျနော်တဦးတည်းအတွက်မဟုတ်ဘဲ အေအေပီပီရုံးအဖွဲ့သားများ၊ အဖွဲ့ဝင်များနဲ့ အေအေပီပီကို ဝိုင်းဝန်း ကူညီပေးနေတဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေနဲ့ အကျဉ်းထောင်ထဲမှာရှိနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ပေးတဲ့ ဆုလို့ပဲ ခံစားရပါတယ် ■

“

ကူညီစောင့်ရှောက်ရေး

”

ရုံးလုပ်ငန်း

အသင်းသည် နေ့စဉ်လုပ်ငန်းတရပ်အဖြစ် ပြည်တွင်းပြည်ပ အဆက်အသွယ်များမှ တဆင့်သော်လည်းကောင်း၊ သတင်းမီဒီယာများမှ တဆင့်သော်လည်းကောင်း နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေ၊ အကျဉ်းထောင်များ၏ အခြေအနေများအား မျက်ခြေမပြတ် စုဆောင်းပြုစုခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများ၏ ကိုယ်ရေးအချက်အလက်များကိုလည်း တတ်နိုင်သမျှ ပြည့်စုံအောင် မှတ်တမ်းပြုစုထားရှိပါသည်။

အကျဉ်းသားများ၊ ယင်းတို့၏မိသားစုဝင်များအား တတ်အားသရွေ့ ကူညီခဲ့သည်။ သို့သော် အခက်အခဲနှင့် အကန့်အသတ်များကြားမှ လုပ်ကိုင်ရသဖြင့် အခုအချိန်အထိ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်အနက် တဝက်ကျော်မျှကိုသာ ကူညီထောက်ပံ့နိုင်ခဲ့သည်။ ထိုအကူအညီများမှာလည်း လုံလောက်သည်ဟု မဆိုသာပါ။ တချို့အကျဉ်းသားများအား ဆက်သွယ်ရန် လက်လှမ်းမမီသကဲ့ သို့ ငွေရေးကြေးရေးမှာလည်း လိုအပ်ချက်ကို ဘယ်သောအခါကမှ မပြည့်မီခဲ့သောကြောင့် ဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံတကာမှ ကူညီအားပေး ဝိုင်းဝန်းသူများနှင့် ပြည်တွင်းမှ လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများ၊ ရဲဘော်ရဲဘက်များထံမှ ဆယ်နှစ်တာအတွင်း အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အတိုင်းအတာတခုအထိ ကျေနပ်အားရမှု ရှိခဲ့ကြကြောင်း တွေ့ရသည်။

၂၀၀၇ စက်တင်ဘာမတိုင်ခင်ကာလအထိ အေအေပီပီ၏ မှတ်တမ်းများအရ မြန်မာနိုင်ငံ စစ်အစိုးရ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား ၁၁၆၀ ရှိနေရာမှ ၂၀၀၇ ရွှေဝါရောင်လှုပ်ရှားမှုနောက်ပိုင်း ယခုနှစ် ၂၀၁၀ မတ်လအထိ အနည်းဆုံး ၂၁၈၅ ဦးအထိ တိုးမြင့်လာခဲ့ကြောင်းသိရသည်။
စာရင်းအရ

❑ သံဃာတော်	၂၅၃ ပါး
❑ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်	၁၂ ဦး
❑ ကျောင်းသား	၂၈၃ ဦး
❑ အမျိုးသမီး	၁၇၇ ဦး
❑ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်	၄၃၀ ဦး
❑ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအဖွဲ့	၃၃ ဦး
❑ တိုင်းရင်းသားလူမျိုးများ	၂၁၀ ဦး
❑ နာဂစ်မုန်တိုင်းသင့်သူများကို ကူညီစောင့်ရှောက်ပေးသူ	၂၀ ဦး
❑ ကျောင်းဆရာ	၂၈ ဦး
❑ စာနယ်ဇင်း	၄၂ ဦး
❑ ရှေ့နေ	၁၂ ဦး
❑ ဆရာဝန်	၁၂ ဦး

ထိုအထဲတွင် ကျန်းမာရေးမကောင်းသူ ၁၃၇ ဦးရှိသည်။
၂၀၀၇ နောက်ပိုင်း မိသားစုနဲ့ ဝေးလံသော ထောင်များသို့ ပြောင်းရွှေ့ခံရသူ ၂၇၅ ဦးရှိသည် ■

လုပ်အားပေး

အသင်းရုံးအဖွဲ့တွင် ၁၀ နှစ်အတွင်း နိုင်ငံတကာမှ လုပ်အားပေး ၃၀ ကျော် လာရောက်ကူညီလုပ်ကိုင်ခဲ့ကြသည်။ အချို့မှာ နှစ်ရှည်လများ လုပ်အားပေးခဲ့သွားခဲ့ကြသည်။ Elliott နှင့် Rachel တို့နှစ်ဦးမှာ နှစ်နှစ်နီးပါး နေထိုင်ကူညီလုပ်ကိုင်ပေးသွားခဲ့သူများဖြစ်သည်။ OSI မှ ဖွင့်လှစ်ထားသော Burma Volunteer Program မှလည်း တဦးလျှင် ၃ လဆီ ပုံမှန် လာရောက်ကူညီလုပ်ကိုင်ပေးခဲ့သည်။ ကြေညာချက်များ။ သတင်းထုတ်ပြန်ချက်များ၊ စာတမ်းများ၊ အစီရင်ခံစာများအား ရေးသားပြုစုတည်းဖြတ်ရာတွင် ပါဝင်ကူညီလုပ်ကိုင်ပေးကြသည်။ ထို့အပြင် အဖွဲ့ဝင်များအား အင်္ဂလိပ်စာသင်တန်းပေးခြင်း၊ ရုံးလုပ်ငန်းအတတ်ပညာများ သင်ကြားပေးခြင်း၊ အတွေ့အကြုံများ ဖလှယ်ခြင်းများ လုပ်ဆောင်ခဲ့ကြသည် ■

❏ ❏ ❏

အလုပ်သင်

၁၀ နှစ်တာကာလအတွင်း အသင်းတွင် အလုပ်သင် ၈ ဦး လာရောက်လေ့လာခဲ့ကြသည်။ တဦးလျှင် ၃ လမှသည် ၂ နှစ်တာ ကာလအထိ လေ့လာသင်ကြားပေးခဲ့သည်။ ၆ ဦးမှာ ဒုက္ခသည်စခန်းတခုတွင် ဖွင့်လှစ်ထားသည့် ရောင်နီဦးအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများဖြစ်သည်။ ယခုအခါ တက္ကသိုလ်၊ ကောလိပ်များတွင် ဆက်လက်တက်ရောက် ပညာသင်ကြားနေသူများရှိသကဲ့သို့ သက်ဆိုင်ရာ တော်လှန်ရေးအဖွဲ့အစည်းများတွင် ဝင်ရောက်လုပ်ကိုင်နေသူများလည်း ရှိပါသည်။ ၎င်းတို့အား အင်္ဂလိပ်စာ၊ ကွန်ပြူတာနှင့် ရုံးလုပ်ငန်းများသင်ကြားပေးခြင်း၊ အစီရင်ခံစာများ လေ့လာခြင်း၊ ပြည်တွင်းပြန်ပ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအား လေ့လာခြင်း၊ အရည်အချင်းမြှင့်သင်တန်းများအား တက်ရောက်စေခြင်းနှင့် နိုင်ငံတကာဆက်ဆံရေး အတွေ့အကြုံများအား ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည် ■

❏ ❏ ❏

အရည်အချင်းမြှင့်သင်တန်းများ

အသင်းမှအဖွဲ့ဝင်များနှင့် ရုံးအဖွဲ့ဝင်များအားလည်း အခြား မဟာမိတ်အဖွဲ့အစည်းများမှ ဖွင့်လှစ်သည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ အခြေခံမှသည် မူဝါဒရေးရာအထိ စဉ်ဆက်မပြတ် တက်ရောက်လေ့လာ ဖြည့်ဆည်းစေခဲ့သည် ■

နိုင်ငံတကာလှုပ်ရှားမှု

အသင်းဖွဲ့စည်းပြီး မကြာခင်မှာပင် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံရန် အခွင့်အရေးများ စတင်ရရှိခဲ့သည်။ ထိုသို့ နိုင်ငံတကာနှင့် ဆက်သွယ်လုပ်ဆောင်ရာတွင် လွယ်ကူအဆင်ပြေစေရန် ၂၀၀၁ ခုနှစ်မှစကာ အမေရိကန်၊ ဂျပန်၊ ဩစတေးလျ၊ နော်ဝေ၊ ဂျာမနီ၊ အင်္ဂလန်၊ ဘယ်လ်ဂျီယန်နိုင်ငံများတွင် အသင်း၏ ကိုယ်စားလှယ်များ၊ ဆက်သွယ်ရန်ပုဂ္ဂိုလ်များ ထားရှိခဲ့သည်။ ထိုပုဂ္ဂိုလ်များက ဒေသတွင်းအာဏာပိုင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ လူထုအခြေပြု လူမှုအဖွဲ့အစည်းများနှင့် ပုံမှန်ထိတွေ့ လုပ်ဆောင်ခဲ့ကြသည်။

ဆွစ်ဇာလန်နိုင်ငံတွင် နှစ်စဉ်ကျင်းပသည့် လူ့အခွင့်အရေးကောင်စီ (ယခင်လူ့အခွင့်အရေးကော်မရှင်) ၏ ပုံမှန်ညီလာခံကို နှစ်စဉ်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံရှိ နိုင်ငံသားများ လူ့အခွင့်အရေးချိုးဖောက်ခံနေရမှု အခြေအနေနှင့် နိုင်ငံ ရေးအကျဉ်းသားတို့၏ အခြေအနေများအား တင်ပြခဲ့ပါသည်။ ထို့အပြင် ညီလာခံကာလအတွင်း လူ့အခွင့်အရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ (ဥပမာ-နိုင်ငံတကာကြက်ခြေနီအဖွဲ့၊ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်စသဖြင့်) တို့နှင့် ဆွေးနွေးတိုင်ပင်ခြင်း များ ပြုလုပ်ခဲ့သည်။

အမေရိကန်နိုင်ငံ အထက်လွှတ်တော်၊ အောက်လွှတ်တော်တို့တွင်လည်း ကြားနာပွဲများ ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံမှ နိုင်ငံရေးအကျဉ်းသားများ၏ ဆိုးဝါးလှသော အကျဉ်းထောင်အတွင်း အခြေအနေများနှင့် ယင်းတို့၏ လွတ်မြောက်ရေးအား အဓိကထား စည်းရုံးလှုံ့ဆော်ခဲ့သည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများ မိတ်ဆုံစားပွဲ

ပထမဆုံးအကြိမ် နိုင်ငံရေးအကျဉ်းသားဟောင်းများ မိတ်ဆုံစားပွဲကို အေအေပီပီ အသင်းမှ ဦးဆောင်စီစဉ်မှုဖြင့် ၂၀၀၃ စက်တင်ဘာ ၄ ရက်နေ့တွင် ထိုင်းမြန်မာနယ်စပ် တနေရာရှိ မြန်မာသတင်းထောက်များကလပ်တွင် ပြုလုပ်ခဲ့သည်။ ပြည်ပရောက် နိုင်ငံရေး အကျဉ်းသားဟောင်းပေါင်း ၄၀ ဦးကျော်တက်ရောက်ခဲ့ကြသည်။

ဒုတိယအကြိမ်မြောက် မိတ်ဆုံစားပွဲအဖြစ် ၂၀၀၅ ခုနှစ် အေအေပီပီအသင်း ထူထောင်ခြင်း (၅) နှစ်ပြည့်တွင် အေအေပီပီရုံးဝင်းအတွင်း ပြုလုပ်ခဲ့သည်။ ပြည်ပရောက် နိုင်ငံရေးအကျဉ်းသားဟောင်းပေါင်း ၄၀ ဦးကျော် တက်ရောက်ခဲ့သည်။

တတိယအကြိမ်မြောက် မိတ်ဆုံစားပွဲအား အေအေပီပီအသင်း ၁၀ နှစ်ပြည့် အခမ်း အနား ကျင်းပသည့်နေ့ ညဦးပိုင်းတွင် အေအေပီပီရုံးဝင်းအတွင်း ပြုလုပ်ခဲ့သည်။ ပြည်ပ ရောက် နိုင်ငံရေးအကျဉ်းသားဟောင်းပေါင်း ၆၀ ဦးကျော် တက်ရောက်ခဲ့သည်။

ညစာစားပွဲတွင်း မိမိတို့၏ နိုင်ငံရေးအတွေ့အကြုံများ၊ အကျဉ်းထောင်အတွေ့အကြုံ များနှင့် မြန်မာပြည်အကျဉ်းထောင်များအတွင်း ကျန်ရစ်ခဲ့သည့် နိုင်ငံရေး အကျဉ်းသား ရဲဘော်များလွတ်မြောက်ရေး၊ မြန်မာပြည်သူလူထုလွတ်မြောက်ရေးနှင့် ဒီမိုကရေစီရေးတို့ အတွက် ရှေ့လုပ်ငန်းစဉ်များအပေါ် ချစ်ခင်ရင်းနှီးစွာ ဆွေးနွေးဖလှယ်ခဲ့ကြပါသည်။

သတင်းထုတ်ပြန်ချက်၊ ကြေညာချက်၊ စာတမ်း၊ အစီရင်ခံစာ

အေအေပီပီမှ လိုအပ်လာသည့်အခါတိုင်း သတင်းထုတ်ပြန်ခြင်း။ ကြေညာချက်၊ စာတမ်း၊ အစီရင်ခံစာများ ထုတ်ပြန်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ၁၀ နှစ်တာကာလအတွင်း နိုင်ငံရေးအကျဉ်းသားများ၊ အကျဉ်းထောင်များနှင့် သက်ဆိုင်သည့် သတင်းထုတ်ပြန်ချက်နှင့် ထုတ်ပြန်ကြေညာချက် ၂၀၂ စောင်ထုတ်ပြန်ခဲ့သည်။ ထို့အပြင် အခြားသော ဒီမိုကရက်တီအဖွဲ့အစည်းများနှင့်လည်း ပူးတွဲကြေညာချက်၊ အစီ ရင်ခံစာများ ထုတ်ပြန်ခဲ့သည်များလည်းရှိသည်။

စစ်အစိုးရအား လိုအပ်သော အရေးယူဒဏ်ခတ်မှုနဲ့ ဖိအားပေး မှုများ ပြုလုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ မှတ်တမ်းများ၊ အစီရင်ခံစာများ၊ နိုင်ငံရေးအကျဉ်း သားများ၊ အကျဉ်းထောင်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများ၊ လူ့အခွင့်အရေး အဖွဲ့အစည်းများသို့ အခါအခွင့်သင့်သလို ပေးပို့ခဲ့သည်။

အချို့သော အမှုတွဲဖိုင်များအား အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး သက်ဆိုင်ရာအဖွဲ့အစည်းများထံ ပေးပို့ကာ မြန်မာစစ်အစိုးရကို ဖိအားပေးနိုင်ရန် တိုက်တွန်းမှုများပြုလုပ်ခဲ့သည် ■

မီဒီယာ

အေအေပီပီသည် နိုင်ငံခြားမီဒီယာများနှင့် မြန်မာမီဒီယာများထံသို့ သတင်းအချက်အလက်များ ပုံမှန်ပေးပို့ခဲ့သည်။ ပြည်တွင်းပြည်ပ သတင်းထောက်များနှင့်လည်း မကြာခဏဆိုသလို တွေ့ဆုံဖြေကြားမှုများ ပြုလုပ်ခဲ့သည်။ မြန်မာဘာသာဖြင့်ထုတ်လွှင့်သည့် ပြည်ပရေဒီယို၊ ရုပ်မြင်သံကြားတို့၏ ဆွေးနွေးခန်းများတွင် ပုံမှန်ပါဝင်ဆွေးနွေးခဲ့သည်။ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေးအကျဉ်းသားများနှင့် သာမန်ပြည်သူများအကြား နေ့ဆိုင်ရင်ဆိုင် ကြုံတွေ့ခံစားနေရသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အာဏာပိုင်တို့၏ ရည်ရွယ်ချက်ရှိရှိ စီမံကျူးလွန်နေသော ရာဇဝတ်မှုများအား ပြည်တွင်းပြည်ပမှ ကျယ် ကျယ်ပြန့်ပြန့်သိရှိကြစေရန်နှင့် ဝိုင်းဝန်းဟန့်တားကာကွယ်နိုင်ရန် ဖြစ်ပါသည် ■

အင်တာနက်စာမျက်နှာ

http://www.aappb.org

အင်တာနက်စာမျက်နှာကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာလတွင် စတင်ထုတ်လွှင့်ခဲ့သည်။

ပင်မစာမျက်နှာပေါ်တွင် မြန်မာ နိုင်ငံ အကျဉ်းထောင်များရှိ နိုင်ငံရေး အကျဉ်းသားများ၏ နောက်ဆုံးစာရင်း၊ ကျန်းမာရေးမကောင်းသူများနဲ့ ခံစားနေရသည့်ဝေဒနာ၊ ထောင်ပြောင်းစာရင်း၊ အေအေပီပီမှ နောက်ဆုံးထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်၊ အစီရင်ခံစာ၊ အကျဉ်းထောင်၊ နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေလချုပ်၊ အထူး ဖော်ပြချက်အပါ အဝင် နောက်ဆုံးရ လူ့ အခွင့်အရေးနှင့် နိုင်ငံရေး အကျဉ်းသားများအကြောင်း သတင်းအချက်အလက်များကို ဖော်ပြထားပါသည်။

မြန်မာနိုင်ငံသမိုင်းအကျဉ်း၊ အေအေပီပီ အသင်းအကြောင်း၊ အေအေ ပီပီမှထုတ်ဝေခဲ့သည့် ပုံနှိပ်စာအုပ်များ၊ အစီရင်ခံစာများ။ မြန်မာ နိုင်ငံ အကျဉ်းထောင်များနဲ့ နိုင်ငံရေးအကျဉ်း သားများ၏ အချက်အလက်များ။ ဓာတ်ပုံကဏ္ဍ။ နိုင်ငံရေးအကျဉ်း သားများ ရဲ့ ကိုယ်ရေးအကျဉ်း။ ထုတ်ပြန်ကြေညာချက်၊ သတင်းထုတ်ပြန်ချက်များ။ လှုံ့ဆော်စည်းရုံးရေး စသည်တို့အား ကဏ္ဍ အလိုက် ဖော်ပြထားသည်။



၂၀၀၄ ခုနှစ် အသင်း၏ ၄ နှစ်ပြည့် မြောက်နေ့တွင် မြန်မာအင်တာနက်စာမျက်နှာအားစတင်ခဲ့ရာ အင်္ဂလိပ်ဘာသာဖြင့် မရရှိနိုင်သောအချို့ မြန်မာစာအုပ်များ။ ဆောင်းပါးများ၊ ထုတ်ပြန်ချက်များအား ထိုစာမျက်နှာတွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်။

"

စာအုပ်များ

"

- **Spirit for Survival** (ရှင်သန်ခြင်းရဲ့စိတ်ဓာတ်ခွန်အား)
- အောက်တိုဘာ ၂၀၀၁ ခုနှစ်
- အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အကျဉ်းထောင်တွင်း အတွေ့အကြုံ၊ လေ့လာဆန်းစစ်ချက်၊ သရော်စာ၊ အမြင်သဘောထားများ စသည့် ကိုယ်တိုင်ရေး ရသဆောင်းပါးပေါင်း ၁၈ ပုဒ်ပါဝင်သည်။ ကိုရီးယား၊ ဂျပန်နဲ့ ဂျာမန် ဘာသာများသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။



■ လူငယ်တဦးရဲ့ မှတ်တမ်းမဲ့ မှတ်တမ်း

■ ဝင်းနိုင်ဦး

■ အောက်တိုဘာလ ၂၀၀၁ နှစ်

စာရေးသူက ထောက်လှမ်းရေး၊ အကျဉ်းထောင်နဲ့ ရာဇဝင်ရှင်းတမ်းဆိုကာ အပိုင်း ၃ ပိုင်းခွဲ ဖော်ပြထားသည်။ အရေးအသား၊ တင်ပြပုံကောင်းမွန်သည်။ ဆရာဦးတင်မိုးက အောက်ပါအတိုင်း အမှာစာ ရေးသားပေးခဲ့သည်။

တို့ရဲဘော် ဝင်းနိုင်ဦးရဲ့
'မှတ်တမ်းမဲ့ မှတ်တမ်း'
ဖတ်စမ်းပါ့ ရဲဘော်ရာ
အသည်းကနာ၊
တို့ဒဏ်ရာ ကြီးပါပေ့တကား။
ပြည်သူတွေ သန်းချီလို့ ဒီမိုကရေစီတိုက်ပွဲမှာ
ရဲရဲနီ ရင်နဲ့ရင်းရတယ်
အင်းစိန်က မျက်ရည်များ။ ။

ကဗျာတပုဒ်နဲ့ မျက်ရည်စသုတ်ပြီး ဒီစာအုပ်ရဲ့ အမှာစာအဖြစ် ရေးမယ်လို့ ကြံမိတယ်။

ကိုဝင်းနိုင်ဦးရဲ့မှတ်တမ်း ငရဲခန်းပျို့တစောင်လို ခံစားရ၊ ဒီခံစားမှုတွေကို အမှတ်တရ မှတ်တမ်းတင်တဲ့ ကိုဝင်းနိုင်ဦး ကိုလည်း ကျေးဇူးတင်မိတယ်။

တကယ်တော့ ကျနော် စကားဦးသန်းဖို့မလိုပါ။ ကျနော်ကိုယ်တိုင် အင်းစိန်ထောင်အကျဉ်းသားတဦး ဖြစ်ခဲ့ဖူးလေတော့ ဒီမြင်ကွင်း။ ဒီအတွေ့အကြုံတွေကို အောက်မေ့ဆင်ခြင် ထင်ယောင်မြင်ယောင် ဖြစ်ရပါတယ်။ ဒီစာအုပ်ဟာ ဒီမိုကရေစီတိုက်ပွဲဝင်ရဲဘော်အပေါင်းရဲ့ နှလုံးသားလည်းဖြစ်၊ အလင်းတံခါးလည်းဖြစ်ပါတယ်။

ရဲဘော်တို့

ရဲဘော်တို့ရဲ့ ကြံ့ခိုင်တဲ့ စိတ်ဓာတ်၊ မြင့်မြတ်တဲ့ အပြုအမူတွေအတွက် ဂုဏ်ယူလို့မဆုံးနိုင်ပါ။ ကိုဝင်းနိုင်ဦးရဲ့ မှတ်တမ်းက မျက်ရည်စမ်းများဟာ ပြည်သူတွေအတွက် အလင်းတန်းကြီးတခုအဖြစ် ပြောင်းလဲသွားလိမ့်မယ်လို့ ယုံကြည် မိပါတယ်။

အရင်းအနှီးမှန်သမျှ ဘယ်ခါမျှ အချည်းနှီးမဖြစ်ပါ။

တင်မိုး

၁၊ ၈၊ ၂၀၀၁

■ **Ten Years On**

■ မိုးအေး

■ ဇူလိုင် ၂၀၀၂ ခုနှစ်

■ အင်္ဂလိပ်ဘာသာမှ ဗမာဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။

အကျဉ်းထောင်ထဲ၌ ဆယ်စုနှစ်တစုကြာ ဖြတ်သန်းခဲ့ရသည့် စာရေးသူ၏ ကိုယ်ပိုင်အတွေ့အကြုံများအား ရေးသားတင်ပြထားသည်။

The articles in this book are true stories about life under Burmese military rule. The writers mention their experiences of the terrible system they had faced. It is true that this book contains misery, surprise, strength, sorrow and terrible conditions. This collection of articles is trying to shed light on a wide dark room using only a small torch. Therefore, it cannot express the entire mistreatment of the people. In other words, it's only a sentence in the book called "the military dicatorship."



■ **မြန်မာနိုင်ငံရှိ အမျိုးသမီးနိုင်ငံရေးအကျဉ်းသားများ (အစီရင်ခံစာ)**

■ ဖေဖော်ဝါရီလ ၂၀၀၄ ခုနှစ်

■ 'မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) နဲ့ ပူးတွဲရေးသားကာ မြန်မာဘာသာဖြင့် ထုတ်ဝေသည်။

စစ်ကြောရေးစခန်းများ၌အမျိုးသမီးများ လိင်ပိုင်းဆိုင်ရာ စော်ကားခံရမှု၊ အကျဉ်းထောင်တွင်း အမျိုးသမီးများနေထိုင်ရမှု၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ရင်ဆိုင်ရသည့်အခက်အခဲများ၊ ပြန်လည် လွတ်မြောက်လာပြီးနောက် အခြေအနေများအား ပြန်လည်လွတ်မြောက်လာသည့် အမျိုးသမီးနိုင်ငံရေး အကျဉ်းသားများနှင့် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ကာ စုစည်းတင်ပြထားသည်။

ထိုကဲ့သို့ နိုင်ငံရေးလှုပ်ရှားမှုများတွင် ဦးဆောင်မှု နိုင်ငံရေးခရီးကြမ်းထဲတွင် အမျိုးသားများနှင့် ရင်ဘောင်တန်းကာ ရက်စက်ကြမ်းကြုတ်သော စစ်အစိုးရကို ယှဉ်ပြိုင်အံတုနေကြသောအမျိုးသမီးများရှိသကဲ့သို့ ဒီမိုကရေစီရေးလှုပ်ရှားမှုတွင် မိမိတို့တဦးချင်းစီ၏အသိတရား။ ကိုယ်ပိုင် ဆုံးဖြတ်ချက်များဖြင့် အုတ်တချပ် သဲတပွင့်အဖြစ် ပါဝင်ထမ်းဆောင်ခဲ့ကြသော အမျိုးသမီးများစွာလည်း ရှိခဲ့ပေသည်၊ ထိုကဲ့သို့ ရဲရဲဝံ့ဝံ့ ပါဝင်ခဲ့ကြသောကြောင့် ထောင်သွင်းအကျဉ်းချခံခဲ့ကြရသူ အမျိုးသမီးများအား မှတ်တမ်းတင်ရန်တာဝန်ရှိသည်ဟုခံယူလျှက် အစီရင်ခံစာကို ပြုစုထုတ်ဝေရခြင်းဖြစ်ပါသည်၊ လွတ်မြောက်နယ်မြေတွင်ထုတ်ဝေရခြင်းဖြစ်သောကြောင့် ဤအစီရင်ခံစာသည် ပြည့်စုံသောအစီရင်ခံစာမဟုတ်ကြောင်း ဝန်ခံပါသည်၊

အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုဟူသည် အပြောလွယ်သလောက် လက်တွေ့အခြေအနေတွင် အခက်အခဲများစွာရှိပါ

သည်၊ အမျိုးသမီးများ၏ နိုင်ငံရေးဘဝကို လူအများ ပိုမိုနားလည်သိမြင်လျှက် နိုင်ငံရေးလှုပ်ရှားမှုတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုအပေါ် ပိုမိုလမ်းဖွင့်ပေးနိုင်ရန် ရည်ရွယ်သည့်အပြင် စစ်အာဏာရှင်စနစ်ကို အံတုလျှက်ရှိကြသော အမျိုးသမီးအပေါင်းအား ဤအစီရင်ခံစာဖြင့် ဂုဏ်ပြုချီးမြှောက်အပ်ပါသည်။

မြန်မာ့အမျိုးသမီးသမဂ္ဂ

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

■ Women Political Prisoners in Burma

■ စက်တင်ဘာ ၂၀၀၄ ခုနှစ်

■ 'မြန်မာ့အမျိုးသမီးသမဂ္ဂ'နှင့် ပူးတွဲ၍ အင်္ဂလိပ်ဘာသာဖြင့် ထပ်မံ ထုတ်ဝေသည်။

မကြာမီကမှ ပြန်လည်လွတ်မြောက်လာသော အမျိုးသမီးနိုင်ငံ ရေး အကျဉ်းသားများနှင့် တွေ့ဆုံမေးမြန်းချက်များအား ထပ်မံဖြည့်စွက်ထားသည်။

■ ဒေါက်ဖြူတ်သီ

■ မတ် ၂၀၀၄

■ မြန်မာဘာသာဖြင့်ထုတ်ဝေသည်။

ယခုစာအုပ်တွင်ပါဝင်သော ဆောင်းပါး၊ ဝတ္ထုရေးသူများအားလုံးမှာ စစ်အုပ်စု၏ အကျဉ်းထောင်များထဲတွင် ရေးသားခဲ့ကြခြင်းဖြစ်သည်။ ယခုစာအုပ်အား စာစောင်အသွင်ဖြင့် အကျဉ်းထောင်အတွင်းတွင် လျှို့ဝှက်စွာ ထုတ်ဝေခဲ့ကြသည်။ ဤသည်ကို နည်းလမ်းပေါင်းစုံဖြင့် အပြင် သို့ထုတ်ယူခဲ့ပြီး အေအေပီပီထံရောက်ရှိလာသဖြင့် အေအေပီပီမှ ထပ်မံထုတ်ဝေခဲ့သည်။

အမှာစာမှ ကောက်နှုတ်ချက်

ထောင်စည်းကမ်းအချက်ပေါင်းများစွာထဲက အတင်းကျပ်ဆုံး စည်းကမ်းတခုကတော့ စာရွက်စာတမ်း၊ ဘောလ်ပင် ခဲတံစသည်တို့ လုံးဝ ကိုင်ဆောင်သုံးစွဲခြင်းမပြုရဆိုတာပါပဲ၊ ထောင်ဝင်စာနဲ့ပါလာတဲ့ သတင်းစာစက္ကူ အပိုင်းအစလေးတွေကိုတောင် ထောင်ဘူးဝမှာ စစ်ဆေးသိမ်းဆည်းလေ့ရှိပါတယ်၊ တချိန်ကတော့ စာရေးစာဖတ်ခြင်းဖြင့် အကျဉ်းသားတွေရဲ့ အသိအလိမ္မာကို တိုးတက်ကောင်းမွန်စေတယ်ဆိုပြီး တရားဝင်ခွင့်ပြုဖူးခဲ့ပေမယ့် စစ်အစိုးရအဆက်ဆက် လက်အောက်ရောက်တဲ့ အချိန်မှာတော့ 'ထောင်' ဆိုတာ ဖိနှိပ်ရေးကိရိယာစစ်စစ်တွေဖြစ်ခဲ့ရပြီး။ ထောင်ထဲမှာ ရုပ်ပိုင်းဆိုင်ရာအရရော။ စိတ်ပိုင်းဆိုင်ရာအရပါ ချုပ်နှောင်ထိပ်တုံးခတ်တဲ့ သဘောနဲ့ ထောင်တွင်းစာရေးစာဖတ်လုပ်ခြင်းဟာ ထောင်စည်းကမ်းကို ချိုးဖောက်တဲ့ အကြီးလေးဆုံးပြစ်မှုတခုဖြစ်လာခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေး အထူးသံတမန် မစ္စတာပီနဲရိုးက ဒီလိုပြုလုပ်ခြင်းဟာ အသိဉာဏ်သင်းကွပ်ခြင်း (Intellectual Death) ဖြစ်တယ်လို့ ပြောဆိုခဲ့ဖူးပါတယ်။

■ Burma: A Land Where Buddhist Monks Are Disrobed and Detained in Dungeons:

■ နိုဝင်ဘာ ၂၀၀၄ ခုနှစ်

မြန်မာနိုင်ငံနှင့် ဗုဒ္ဓဘာသာအကြောင်းအား မိတ်ဆက်တင်ပြထားပြီး နဝတ၊ နအဖ စစ်အာဏာရှင်လက်ထက် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသော သံဃာတော် အပါး ၃၀၀ ကျော်တို့၏အကြောင်း၊ ရဲဘက်ပို့ခံရသော သံဃာတော်များ အခြေအနေနှင့် ရဲဘက်တွင် ပျံလွန်တော်မူသွားသော သံဃာတော်များအကြောင်းတို့ကို တင်ပြထားသည်။ နိုင်ငံရေး အကျဉ်းသားဟောင်းများ၏ အကျဉ်းထောင်တွင်း သံဃာတော်များနှင့် အတူနေထိုင်ခဲ့ရသည့် အတွေ့အကြုံများကိုဖော်ပြထားသည့် ဆောင်းပါးများဖြင့် ဖြည့်စွက်ထားသည်။



■ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် မိသားစုအသိုင်းအဝိုင်းများ လက်စွဲ

■ ဩဂုတ် ၂၀၀၅

တောင်အာဖရိကနိုင်ငံမှ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ သက်ဆိုင်ရာ မိသားစုတို့၏ခံစားချက်များ၊ ပြဿနာများနှင့်၊ ထိုပြဿနာ များအား ရင်ဆိုင်ကျော်လွှားနိုင်ရန် အကြံပြုတင်ပြထားသည့် "Counseling Torture Survivors" စာအုပ်ထဲမှ နိုင်ငံရေးအကျဉ်းသားဟောင်းများနဲ့ မိသားစုများ လက်စွဲဆိုသောအခန်းအား ဘာသာပြန် ထုတ်ဝေသည်။ စနစ်တကျညှင်းပန်းနှိပ်စက်ခံခဲ့ကြရသော နိုင်ငံရေးအကျဉ်းသားဟောင်းများအား ပြန်လည်ကုစားနိုင်ရေးအတွက် နိုင်ငံရေးအကျဉ်းသားဟောင်းများအပါအဝင် ၎င်းတို့ရဲ့မိသားစုများ အလွယ်တကူ လိုက်နာလုပ်ဆောင်နိုင်ရန် ရည်ရွယ်သည်။

■ The Darkness We See: Torture in Burma's Interrogation Centers and Prisons

■ ဒီဇင်ဘာ ၂၀၀၅

စစ်ကြောရေးစခန်းများတွင် လူမဆန်စွာနှိပ်စက်ညှင်းပန်းမှုများ၊ နှိပ်စက်ညှင်းပမ်းပုံနည်းစနစ်များ၊ အကျဉ်းထောင်အတွင်း နှိပ်စက်ညှင်းပန်းမှုများ၊ အကျဉ်းထောင်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အနာဂတ်အလားအလာများအား လေ့လာတင်ပြထားသည်။

United States Senator John McCain was quoted in the AAPP press release as saying:

"My heart goes out to those suffering for their belief in human rights and democracy. This report demonstrates that torture of political prisoners is a state policy of Burma's junta. All

Americans, who stand by the Burmese people in their aspirations for freedom, should be outraged." McCain went on to say that the report "Illustrates in painstaking detail yet one more reason why United Nations Security Council action is long overdue. Those who care about human rights and human decency should press the Security Council to take up the issue of Burma immediately."

Hugh Baxter (Burma Action Ireland), Eileen Seymour (Burma Action Ireland Chairperson), Mr. Conor Lenihan T.D., Minister of State for Development Cooperation and Human Rights and Ko Bo Kyi, Joint Secretary of Assistance Association for Political Prisoners (Burma).

AAPP report was translated into French version. Info-Burma and Amnesty International (French) helped for translation and printing.

အစီရင်ခံစာအား ပြင်သစ်အခြေစိုက် INFO BIRMANIE ၏ အကူအညီဖြင့် ပြင်သစ်ဘာသာသို့ ပြန်ဆိုထုတ်ဝေသည်။

■ ရှစ်စက္ကန့်ငြိမ်၊ စွန့်လွှတ်သူတို့၏ ရာဇဝင်

■ Eight Seconds of Silence The Death of Democracy Activists Behind Bars

■ မေ ၂၀၀၆ ခုနှစ်၊ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေသည်။

စစ်ကြောရေးစခန်း၊ အကျဉ်းထောင်နှင့် အကျဉ်းထောင်မှ ပြန်လွတ်မြောက်လာပြီး မကြာခင် အကျဉ်းထောင်အတွင်းမှရရှိလာသည့် ရောဂါဖြင့် သေဆုံးသွားသူ ၁၂၇ ဦးတို့၏ ကိုယ်ရေးအကျဉ်းနှင့် သေဆုံးခဲ့ရပုံတို့အား ပြုစုမှတ်တမ်းတင်ထားသည်။

အမှာစာမှ

ရက်စက်ကြမ်းကြုတ်သည့် လူ့အခွင့်အရေးများ ကျူးလွန်နေမှုနှင့် ဆက် စပ်အတိတ်ကာလက မိမိတင်ပြဖူးခဲ့သည့်အတိုင်း မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများသေဆုံးမှု လျှင်မြန်စွာ တိုးတက်များပြားလာနေသည့်အပေါ် အခြေအနေကို လွတ်လပ်စွာစုံစမ်းစစ်ဆေးနိုင်သော အဖွဲ့တဖွဲ့ထားရှိခွင့်ပြုရန် နိုင်ငံတကာမိသားစုက မြန်မာအစိုးရကို တိုက်တွန်းရန်အတွက် အချိန်တန်ပြီဟု မိမိယုံကြည်မိပါသည်၊ ထိုကဲ့သို့သော စုံစမ်းစစ်ဆေးမှုတွင် တာဝန်ရှိကြသည့် ပုဂ္ဂိုလ်တို့ကို ရှာဖွေဖော်ထုတ်အရေးယူအပြစ်ပေးနိုင်ရန်နှင့် နစ်နာရသူမိသားစုတို့အတွက် လျော်ကြေးပေးခြင်းများလည်း ပါဝင်သင့်ပါသည်။

ပေါ်လိုဆာဂျီယို ပီညဲရိုး (Paulo Sergio Pinheiro)

ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်



■ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာယန္တရားများ (၂၀၀၂)

■ ဇွန် ၂၀၀၈

လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ချက်များဆိုတဲ့ စာအုပ်ကို ထုတ်ဝေခဲ့ပါတယ်။ ဒီစာအုပ်ကိုရေးသားပြုစုရာမှာ မြန်မာနိုင်ငံသားများ နေ့စဉ်နဲ့အမျှ လူ့အခွင့်အရေးချိုးဖောက်ခံနေရှုတွေကို တစုံတရာ ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်၍ ထုတ်ဝေရခြင်းဖြစ်ပါတယ်။ ဒီလိုလူ့အခွင့်အရေး ချိုးဖောက်မှုတွေကိုကာကွယ်ဖို့ရန်မှာ ချိုးဖောက်ခံရသူ၊ ချိုးဖောက်သူ၊ ဘယ်လိုချိုးဖောက်ခံသလဲ စသဖြင့် အချက်အလက်များ ခိုင်လုံစေဖို့ရန်မှာ အလွန်အရေးကြီးလှပါတယ်။ ဒါမှသာ ကိုယ်ဟာ ဘယ်လိုအခွင့်အရေးတွေ ချိုးဖောက်ခံနေရသလဲ။ စစ်တမ်းများကို ဘယ်လိုကောက်ယူမလဲ။ ဘယ်သူ့ကိုတိုင်ကြားမလဲ။ ဘယ်လိုအရေးယူမှုတွေ လုပ်ပေးနိုင်သလဲ စတာတွေကိုအသေးစိတ်သိရှိဖို့ရန်လည်း လိုအပ်လှပါတယ်။ ဒါ့ကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အရေးယူဆောင်ရွက်ရာမှာ နိုင်ငံတကာရဲ့ စံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးကော်မရှင်နဲ့ လူ့အခွင့်အရေးကောင်စီအကြောင်း၊ သူတို့ရဲ့ ယန္တရားတွေက ဘာတွေလဲ၊ သူတို့ရဲ့လုပ်ပိုင်ခွင့်က ဘာတွေလဲ၊ သူတို့ဘာတွေ ဆောင်ရွက်နေသလဲဆိုတာတွေကို သိရှိနိုင်ဖို့အတွက် လန်ဒန်အခြေစိုက် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီး (Amnesty Internationl) နဲ့ အင်္ဂလန်နဲ့ ဝေးလ်ဥပဒေရေးရာအဖွဲ့ကြီး (The Law Society) ပူးတွဲ ထုတ်ဝေခဲ့တဲ့ The United Nations 'Thematic Mechanisms 2002' An overview of their work and mandates စာအုပ်ကို မြန်မာဘာသာသို့ပြန်ဆိုပြီး ထုတ်ဝေလိုက်တာဖြစ်ပါတယ်။ ဒီစာအုပ်မှာ လူ့အခွင့်အရေး ကော် မရှင်နဲ့ လူ့အခွင့်အရေးကောင်စီကြားခြံငုံသုံးသပ်နိုင်းယှဉ်ချက်ကိုလည်း ထည့်သွင်းဖော်ပြထားပါတယ်။

■ The Future in the Dark: The Massive Increase in Burma's Political Prisoners

■ စက်တင်ဘာ ၂၀၀၈

United States Campaign for Burma နှင့် ပူးတွဲထုတ်ဝေသည်။ ထိုအစီရင်ခံစာတွင် ၂၀၀၇ ခုနှစ် ၈၈ မျိုးဆက်ကျောင်းသားများ ဖမ်းဆီးခံရခြင်းနှင့် ရွှေဝါရောင်တော်လှန်ရေးကာလတွင် ဖမ်းဆီးခံခဲ့ရသော နိုင်ငံရေးလှုပ်ရှားသူများနှင့် အကျဉ်းချခံရသော နိုင်ငံရေးအကျဉ်းသားများ အကြောင်းနှင့် အမှုတွဲဖိုင်များကိုဖော်ပြထားသည်။ ၄င်းအစီရင်ခံစာအား ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ပေးပို့ခဲ့သည်။



■ **နောက်ကြည့်မှန်**

■ မင်းကိုနိုင်

■ အောက်တိုဘာ၊ ၂၀၀၉ ခုနှစ်

အကျဉ်းကျခံ ၈၈ မျိုးဆက် ကျောင်းသား ခေါင်းဆောင် ၏ ၄၇ နှစ်မြောက်မွေးနေ့အမှတ်တရအဖြစ် သူ၏ ပင်ကိုယ်ရေးဝတ္ထုရှည် အနုပညာလက်ရာအား အေအေပီပီမှ ဂုဏ်ပြုထုတ်ဝေသည်။ မြန်မာ့ ဒီမိုကရေစီရေးကြိုးပမ်းသူ လူငယ်ကျောင်းသားများနှင့် ခေတ်ဟောင်းစနစ် ဟောင်းအပေါ် အမှန်တကယ် စိတ်ကုန်ခမ်းခဲ့သည့် သာမန်ပြည်သူများ၏ တကယ့်ဘဝများအား နောက်ခံထား ဖွဲ့နွဲ့ခြယ်မှုန်းထားသည်။

စိစဉ်သူစကားမှ

ယုံကြည်မှုအတွက် သူ့ဘဝ၏အကောင်းဆုံးအချိန်များကို နံရံ လေးဘက်ကြား ရင်းနှီးမြှုပ်နှံခဲ့၊ ယခုတဖန် ရင်းနှီးမြှုပ်နှံဆဲဖြစ်သော်လည်း သူသည် နိုင်ငံရေးသတ္တဝါမျှသာမဟုတ်ပေ။ စကားလုံးများ၊ အတွေး စိတ်ကူးများဖြင့် ဖန်တီးခဲ့သော်လည်း သူသည်အိပ်မက်နှင့် တောကစားနေသောအနုပညာသည်မျှသာမဟုတ်။ သူ့နှလုံးသားသည် သန့်စင်သန့်မာစွာ လှုပ်ခုန်နေလေသည်။ ချစ်ခြင်းအားဖြင့် ယုံကြည်မှုသည် ပိုလို့လင်းလက်တောက်ပလာသည်။ သူသည် သူဖြတ်သန်းသော သမိုင်းခေတ်ကို ရိုးရှင်းလှပစွာ ဖွဲ့နွဲ့တတ်သူဖြစ်ကြောင်းတွေ့မြင်ရသည်။ ထိုအဖွဲ့အနွဲ့သည် သမိုင်း၏ မှန်ကူကွက်တခုအဖြစ် ပြိုးပြက်ကျန်ခဲ့လိမ့်မည်ဟု ကျနော်တို့ယုံကြည်သည်။

■ **အသွင်ကူးပြောင်းရေးကာလ၊**
ချက်နိုင်ငံအတွေ့အကြုံ (ဘာသာပြန်)

■ ၂၀၀၈ ခုနှစ်ဖေဖော်ဝါရီလ

ချက်သမ္မတနိုင်ငံ အသွင်ကူးပြောင်းရေးကာလတွင် ပါဝင်ခဲ့သောပညာရှင်များ၊ ခေါင်းဆောင်များစသည့် သမိုင်းဝင်ပုဂ္ဂိုလ် ၂၄ ဦးတို့၏ အတွေ့အကြုံနှင့် ဖြတ်သန်းမှုများအား ရေးသားဖော်ပြထားသော စာအုပ်ဖြစ်သည်။

- **ဘာလဲဟဲ့လူ့ငရဲ**
- ဦးဝင်းတင်
- မတ်လ ၊ ၂၀၁၀ ခုနှစ်



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး၊ သတင်းစာဆရာ စာရေးဆရာဦးဝင်းတင်၏ မတ်လ ၁၂ ရက်နေ့တွင် ကျရောက်သော မွေးနေ့တွင် ဂုဏ်ပြုထုတ်ဝေသည်။ ထောင်တွင်းဖြတ်သန်းမှု ၁၉ နှစ်ကျော်ကာလ အကျဉ်းသားဘဝအတွေ့အကြုံများအား မှတ်တမ်းတင်ရေးသားထားသည်။ ခိုင်မာပြတ်သားသော လူထုအရေး၊ ဒီမိုကရေစီအရေး ရပ်တည်ချက်များဖြင့် ယုံကြည်ချက်ကိုအလံမလှဲသည့် နိုင်ငံရေးအားမာန်ဆောင်းပါးများပါဝင်သည်။ ဒီမိုကရက်တစ်မြန်မာ့အသံက ထုတ်ဝေကာ အေအေပီပီမှ ဖြန့်ချီသည်။

ဗီဒီယိုမှတ်တမ်း

သံတိုင်နောက်ကမြန်မာပြည်

၂၀၀၃ ခုနှစ် ဩဂုတ်လအတွင်း သံတိုင်နောက်ကမြန်မာပြည် ဟုအမည်ပေးထားသည့် ရုပ်မြင်မှတ်တမ်း ဒီဗွီဒီ တချပ်အား ထုတ်လုပ် ဖြန့်ချိခဲ့သည်။ မြန်မာပြည်နိုင်ငံရေးသမိုင်းစဉ်နှင့် လက်ရှိမြန်မာ့နိုင်ငံရေးလမ်းကြောင်းပေါ်တွင် အေအေပီပီ ဖြစ်တည်ပေါ်ပေါက်လာပုံအား မြန်မာပြည်စစ်အကျဉ်းထောင်တွင်း အခြေအနေများနှင့်အတူ နိုင်ငံရေးအကျဉ်းသားများ၏ လက်ငင်းဘဝသရုပ်များကို ပေါ်လွင်အောင် ရိုက်ကူးတင်ပြထားသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများကိုယ်တိုင်ပါဝင်ကာ တကယ့်အဖြစ်မှန်များကို ဖော်ထုတ်ရိုက်ကူးထားသောကြောင့် နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးတွင် အောင်မြင်ခဲ့သည်။

လှောင်ချိုင့်ထဲကတေး

၂၀၀၆ ခုနှစ် အစောပိုင်းတွင် လှောင်ချိုင့်ထဲကတေး အမည်ရှိ တိုက်ပွဲဝင်တေးသီချင်းခွေအား ထုတ်လုပ်ဖြန့်ချီခဲ့သည်။ နိုင်ငံရေး အကျဉ်းသားများကိုယ်တိုင် အကျဉ်းထောင်များအတွင်း ရေးစပ်သီဆိုခဲ့ ကြသည့် တေးသီချင်းများအား နိုင်ငံရေးအကျဉ်းသားဟောင်းများ ကိုယ်တိုင် ပြန်လည်တီးခတ် သီဆိုထားကြသည်။

လှောင်ချိုင့်ထဲကတေး အယ်လ်ဘမ်နဲ့ ပတ်သက်၍

၈၈ ဒီမိုကရေစီ လူထုအရေးတော်ပုံကြီးနောက်ပိုင်း စစ်အစိုးရရဲ့ အကျဉ်းထောင်အသီးသီးမှာ နိုင်ငံရေးအကျဉ်းသားတွေ ထောင်ချီပြီး ရောက်ခဲ့ရတယ်။ ဖိနှိပ်ရက်စက်မှုတွေဟာ ကမ်းကုန်ပဲ။ ဖိနှိပ်မှုတွေပြင်း ထန်လေလေ၊ နိုင်ငံရေးအကျဉ်းသားတွေရဲ့ လူထုနဲ့ တော်လှန်ရေး အပေါ် ထားတဲ့သစ္စာတရားဟာ ပိုပြီးခိုင်မာလေလေဖြစ်ခဲ့တယ်။ အဲဒီ သစ္စာခိုင်ကြည်မှုတွေကြောင့်ပဲ သူတို့ရင်ထဲက ဟောဒီ တော်လှန်ရေး တေးသီချင်းတွေထွက်ပေါ်လာတယ်။ အဲ့ဒီလို သီချင်းတွေကို စိတ်နဲ့ရေးဖွဲ့ ဦးနှောက်ဖြင့်မှတ်သား နှုတ်နဲ့လက်ဆင့်ကမ်းခဲ့ကြရင်း သူတို့တွေရဲ့ သီချင်းသံတွေဟာ အကျဉ်းထောင်နံရံတွေကိုထိုးဖောက် ခင်ဗျားတို့ဆီကို အရောက်ပို့နိုင်ဖို့ ကျနော်ကျမတို့ နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ရဲ့ ဘဝတက္ကသိုလ် တေးထုတ် လုပ်ရေးက ဒီလှောင်ချိုင့်ထဲကတေး သီချင်းအယ်လ်ဘမ်ကို ဂုဏ်ပြုထုတ် ဝေ လိုက်ပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေက

- သူတို့ကိုနှိပ်စက်ကလူပြုနေတဲ့ အကျဉ်းထောင်ကြီးကို သူတို့ရဲ့ ဘဝတက္ကသိုလ်တဲ့
- သူတို့ကိုယ်သူတို့ ခရီးသွားရဲဘော်တဲ့
- လွတ်မြောက်သွားတဲ့ သူတို့ရဲ့ ရဲဘော်တွေကို မိုးသောက်ငှက်တဲ့
- ရှစ်လေးလုံးဆိုတာ လက်နက်မဲ့တွေရဲ့အောင်ပွဲတဲ့
- လူထုခေါင်းဆောင်ဟာ ဒေါ်အောင်ဆန်းစုကြည်ပါတဲ့
- ငြိမ်းချမ်းရေးအတွက် စစ်ပွဲတွေရပ်တန့်ဖို့ကိုလည်း တိုက်တွန်းခဲ့တယ်။

သံတိုင်နောက်က သီချင်းသံများကို ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိကြတဲ့ ဒီမိုကရေစီရေးတိုက်ပွဲဝင်ပြည်သူများနဲ့ မြန်မာပြည်ဒီမိုကရေစီရေးကို ထောက်ခံအားပေးနေကြတဲ့ ရဲဘော်မိတ်ဆွေများ အားလုံးမျှဝေ ခံစား နိုင်ဖို့ပါ။

ဘဝတက္ကသိုလ်တေးထုတ်လုပ်ရေး

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)

နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး

နိုင်ငံရေးအကျဉ်းသားများရှိနေသရွေ့
အမျိုးသားပြန်လည်သင့်မြတ်ရေးမဖြစ်ပေါ်နိုင်

နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးလှုပ်ရှားမှုကော်မတီ (FPPCC)

၂၀၀၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၀၂ ကာလအတွင်း နယ်စပ်ဒေသအခြေစိုက်အဖွဲ့ ၁၁ ဖွဲ့ ပူးပေါင်းဖွဲ့စည်း၍ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် နိုင်ငံတကာမှ အာရုံစိုက်လာစေရန်၊ ပူးပေါင်းပါဝင်လာကြစေရန် အတွက် ရည်ရွယ်၍ လှုပ်ရှားမှုများအား စတင်ခဲ့သည်။ နိုင်ငံပေါင်း ၂၃ နိုင်ငံတွင် ဓာတ်ပုံပြပွဲများ၊ ဟောပြောပွဲများ ပြုလုပ်ခဲ့ကြသည်။

ထိုင်း၊ မလေးရှား၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုးရီးယား၊ ဖိလစ်ပိုင်၊ အမေရိက၊ ကနေဒါ၊ နယူးဇီလန်၊ ဩစတေးလျ၊ တောင်အာဖရိက၊ ဆွီဒင်၊ ဖင်လန်၊ ဒိန်းမတ်၊ ဘင်္ဂလားဒေ့ရှ်၊ နယ်သာလန် စသည့် နိုင်ငံများတွင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ၊ စကားဝိုင်းများ ပြုလုပ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံနိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးလှုပ်ရှားမှု
(Free Burma' Political Prisoners NOW!)

အေအေပီပီနှင့် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) တို့မှ ကမကထပြု၍ ၂၀၀၉ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် စည်းရုံးလှုပ်ရှားမှုတခုအား ကမာနှင့်အဝှမ်း ထပ်မံပြုလုပ်ခဲ့ပါသည်။ နယ်စပ်ဒေသနှင့် ပြည်ပနိုင်ငံအသီးသီးမှ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသည့် အဖွဲ့အစည်းများ၊ ထောက်ခံအားပေးသည့် အဖွဲ့အစည်းပေါင်း ၂၃၀ ကျော်နှင့် တသီးပုဂ္ဂလများ စိတ်အားထက်သန်စွာ ပါဝင်ခဲ့ကြသည်။ တကမ္ဘာလုံးရှိ နိုင်ငံတိုင်းနီးပါး ပါဝင်ခဲ့သည့် လှုပ်ရှားမှုကြီးတခုဟုဆိုနိုင်သည်။ ဓာတ်ပုံပြပွဲများ၊ စကားဝိုင်းများ၊ ဟောပြောပွဲများပြုလုပ်ခဲ့သည့်အပြင် နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးအတွက် လက်မှတ်ရေးထိုးဆန္ဒပြုခြင်းများကိုပါ ကောက်ခံခဲ့ကြသည်။ ကောက်ခံရရှိလာသော ဆန္ဒပြုလက်မှတ်ပေါင်း ၆၇၇ ၂၅ အား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံ လူကိုယ်တိုင်သွားရောက်အပ်နှံခဲ့သည်။ ကုလသမဂ္ဂတွင် မစ္စတာဂန်ဘာရီ ဦးဆောင်သော အထွေထွေအတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ်အဖွဲ့နှင့် တံခါးပိတ်တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ရာဇဝတ်မှုကျူးလွန်ခြင်းသို့ ပြောင်းလဲရောက်ရှိနေပြီဖြစ်ကြောင်းတင်ပြခဲ့ပြီး ထိရောက်သည့် အရေးယူဆောင်ရွက်ချက်များ လိုအပ်နေပြီဖြစ်ကြောင်း တိုက်တွန်းခဲ့ပါသည်။

“

ဆုများ

”

ကျောင်းသားငြိမ်းချမ်းရေးဆု (Student peace prize)

၂၀၀၁ ခုနှစ် မတ်လမှာ တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်နဲ့ အဖွဲ့ဝင် ကိုသားညွန့်ဦးတို့ဟာ နော်ဝေးနိုင်ငံမှ ကိုမင်းကိုနိုင်နဲ့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်တို့ကို ချီးမြှင့်တဲ့ ကို လက်ခံရယူခဲ့ပါတယ်။

ပထမ လူ့အခွင့်အရေးဆု

၂၀၀၁ ခုနှစ် မတ်လမှာပဲ အမေရိကန် Trinity College က မသီတာထွေး၊ ဦးရဲတင့်နဲ့ မခင်ခင်လဲ့တို့အတွက် ချီးမြှင့်တဲ့ဆုကို ၄င်းတို့ကိုယ်စား အသင်းက သွားရောက်လက်ခံရခဲ့ပါတယ်။



Homo Homini award

၂၀၀၁ ခုနှစ်မှာ ချက်သမ္မတနိုင်ငံက ကိုမင်းကိုနိုင်ကို ချီးမြှင့်တဲ့ဆုကို သွားရောက်လက်ခံရယူခဲ့ပါတယ်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ လူ့အခွင့်အရေးဆု

၂၀၀၈ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆုကို အသင်းရဲ့တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်က ရရှိခဲ့ပါတယ်။

၂၀၀၉ ခုနှစ်အတွက်လည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆုကို အသင်းကိုကိုယ်စားပြုကာ ကိုဘိုကြည်ကပဲ ထပ်မံရရှိခဲ့ပါတယ်။

နိုင်ငံတကာဆုများ ရရှိအောင် အဆိုတင်သွင်းခြင်း

အေအေပီပီဟာ အကျဉ်းထောင်တွင်းရောက်နေတဲ့ နိုင်ငံရေးအကျဉ်းသားများအတွက် နိုင်ငံတကာအသိအမှတ်ပြုဆုများကို ရနိုင်ဖို့အတွက် အမည်စာရင်းတင်သွင်းခြင်း၊ အဆိုပြုခြင်းများကို နှစ်စဉ် ပြုလုပ်ခဲ့ပါတယ်။

In addition, we have been able to do international campaigns with international student organizations as our partners in order to let the rest of the world know how political prisoners have sacrificed themselves for democracy and human rights and give them recognition for that. As a result of international campaigns, Min Ko Naing was awarded the Student Peace Prize from the International Student Festival in Trondheim, Norway and the Homo Homini award from the Czech Republic. Because of these prizes, one AAPP member was invited to receive the prizes and he had a many opportunities to speak to the international community about the treatment of political prisoners in Burma.

UNESCO awarded famous journalists and writers currently in prison, U Win Tin and Daw San San Newh Golden Pen Freedom prize.

Thrinity College from United State gave first Human Rights award to three schoolteachers currently in prison, U Ye Tint, Ma khin Khin Laeh and Ma Thuza.

In addition, Human Rights Watch also gave Ko Aung Pwint, a poet who was arrested in 2000, Hellman/ Hammett award.

“ ပြခန်း ”

UNDER PUNISHMENT POSITIONS

CRACKING DOWN ON DEMONSTRATORS

ပြခန်း

၂၀၀၂ ခုနှစ်တွင် အသင်းရုံးခန်းတည်ရှိရာနေရာတွင် ပြခန်းကို စတင်ဖွင့်လှစ်ခဲ့သည်။ နေ့စဉ်လာရောက် လည်ပတ်သော ဧည့်သည်များအား ပြခန်း အတွင်း ရှင်းလင်းပြသခြင်း၊ မြန်မာပြည်တွင်းရှိ နိုင်ငံရေးအကျဉ်းသားများနှင့် အကျဉ်းထောင်များအခြေအနေ၊ မြန်မာ့နိုင်ငံရေးအခြေအနေမှန်များအား အသိပေးတင်ပြခြင်းများ ပြုလုပ်ခဲ့သည်။ နိုင်ငံတကာမှ မြန်မာ့အရေးစိတ်ဝင်စားသူများ၊ အဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များ၊ တက္ကသိုလ်ကောလိပ်များမှ ကျောင်းသူကျောင်းသား ဆရာဆရာမများ၊ နိုင်ငံခေါင်းဆောင်များ။ နယ်ပယ်အသီးသီးမှ ကမ္ဘာကျော်ပုဂ္ဂိုလ်များ လာရောက်လည်ပတ် လေ့လာခဲ့ကြပါသည်။ နှစ်စဉ်ဧည့်သည်ထောင်ချီကာ လာရောက်လေ့ရှိသည်။ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် သဘောထားမှတ်ချက်များအား စုဆောင်းသိမ်းဆည်းထားခဲ့သည်။ ၂၀၁၀ ခုနှစ်အစောပိုင်းတွင်း ပြခန်းကို အသစ်ပြင်ဆင် တည်ဆောက်ခဲ့သည်။

CRACKING DOWN ON DEMONSTRATORS
LIVES BEHIND BARS
LEARNING BEHIND BARS

ရင်နဲ့ခင်းတဲ့ပြခန်းကလေး

နယ်စပ်မြို့ကလေးရဲ့တနေရာ သွပ်ဝင်းတံခါးဝထဲ ချိုးကွေ့ဝင်လိုက်ရင် သရက်ပင် အုပ်အုပ်နဲ့ မြေနီလမ်းကလေးရဲ့ အဆုံးမှာ နှစ်ထပ်အိမ်ကလေးတလုံး ရှိပါတယ်။ အိမ်ဘေးကပ်ရက် ကားဂိုဒေါင်ဆန်ဆန် အခန်းကလေးရှေ့မှာ သံတိုင်တွေ စိုက်ထားတဲ့ ဘူးတံခါးလေးတချပ်ကို သင်တွေ့ရပါလိမ့်မယ်။ ခေါင်းလည်းငုံ့၊ ခွလည်းကျော်ရမယ့် ဒီတံခါးအသေးလေးနောက်မှာ သင့်ကို ဖိတ်ခေါ်နေတဲ့၊ နိုင်ငံရေးအကျဉ်းသားများပြခန်းလို့ခေါ်တဲ့ မှောင်မှောင်ကျဉ်းကျဉ်း အခန်းကလေးတခန်းရှိပါတယ်။ ပထမဆုံးအနေနဲ့ တံခါးရှေ့မှာ ခဏရပ်ပြီး အသက်ဝဝရှူလိုက်ဖို့ မမေ့ပါနဲ့။

ကဲ တံခါးကိုဆွဲဖွင့်လိုက်ပါ။

အခန်းထဲကို လှမ်းဝင်လိုက်ရင်ပဲ သင်ဟာ ချောက်ကမ္ဘာကြီးတခုထဲကို ပြုတ်ကျသွားသလို ခံစားရကောင်း ခံစားရလိမ့်မယ်။ ဒါပေမဲ့ မစိုးရိမ်ပါနဲ့။ ဒါဟာ နတ်ဆိုးတကောင်ရဲ့ထောင်ချောက် မဟုတ်ပါဘူး။ သာယာလှပတဲ့ ဒီကမ္ဘာမြေပေါ်က သင်တို့ရဲ့မေ့လျော့ခြင်းခံထားရတဲ့ အမှောင်မိုက်ဆုံး ထောင့်ကျဉ်းကလေးတခုပါ။ ဒီနေ့ မြန်မာပြည်သူတွေရဲ့ တကယ့်ဘဝပါ။ ဒါကို စိတ်ကူးစိတ်သန်းတွေ အတတ်ပညာတွေနဲ့ ဖန်တီးတင်ဆက်ထားတာ မဟုတ်ပါဘူး။ (ကျနော်တို့ရဲ့ ကျဉ်စက်နဲ့အတို့ခံခဲ့ရတဲ့ နှလုံးသားတွေ၊ အိတ်မဲကြီးနဲ့ အစွပ်ခံခဲ့ရတဲ့ မျှော်လင့်ချက်တွေ၊ စစ်ဖိနပ်နဲ့ အနင်းခံခဲ့ရတဲ့ အိပ်မက်တွေ၊ သံခြေကျင်း အခတ်ခံခဲ့ရတဲ့ ရှင်သန်မှုတွေနဲ့ ခင်းကျင်းပြသထားတာပါ) ချောက် ကမ္ဘာကြီးထဲမှ လူသားများအကြောင်း အမြည်းလောက်ဖေါ်ပြဖို့ ကြိုးစားထားတဲ့ ပြခန်းလေးတခန်းပါ။

သင့်ရဲ့ဘယ်ဘက်မှာ ပထမဆုံး မြန်မာပြည်မြေပုံကို တွေ့ရမယ်။

မြစ်ကြီးတွေ အသွယ်သွယ်စီးလို့၊ တောင်တန်းတွန့်ခေါက်ကြီးတွေ၊ မြေပြန့်လွင်ပြင် ကျယ်ကြီးတွေ၊ မြစ်ဝကျွန်းပေါ်ဒေသနဲ့ ထူထပ်သစ်တောကြီးများ။ သင့်မျက်စိထဲမှာ ရေနံတွေ၊ ကျောက်သံပတ္တမြားတွေ၊ ကျွန်းသစ်တွေနဲ့ ကြွယ်ဝလှတဲ့ ရေထွက်မြေထွက်ပစ္စည်းတွေကို ပြေးမြင်မိလိမ့်မယ်။ ဟုတ်တယ်၊ ဒါတွေဟာ တချိန်တုန်းကတော့ ကျနော်တို့ပြည်သူတွေရဲ့ အိပ်မက်တွေ အနာဂါတ်တွေ ဖြစ်ခဲ့ဘူးတယ်။

အခုတော့ စစ်အာဏာရှင်တစုအတွက် ဒါတွေက အဆိပ်ပင်ကိုလောင်းတဲ့ရေ ဖြစ်ခဲ့ရတယ်။ သံချပ်ကာကားတွေ

ဖြစ်ခဲ့တယ်၊ တိုက်လေယာဉ်ပျံတွေ ဖြစ်ခဲ့တယ်၊ အနုမြူခါတ်ပေါင်းဖိုနဲ့ နိုင်ငံရပ်ခြား လျှို့ဝှက်ဘဏ်စာရင်းတွေ ဖြစ်ခဲ့ရတယ်။

ကျနော်တို့ပြည်သူတွေအတွက်တော့ အခုခင်ဗျားမြင်တဲ့အတိုင်း မြန်မာပြည် တနံတလျားမှာ ထောင်နံရံ အုတ်တံတိုင်းတွေ ဖြစ်လာခဲ့တယ်။ ကျနော်တို့ တကယ်ရလိုက်တာက အဲဒါပဲ၊

အားလုံးပေါင်း သုံးဆယ့်ရှစ်ထောင်ရှိတယ်။ တည်နေရာ၊ မြို့အမည်နှင့်တကွ ဖေါ်ပြထားပါတယ်။ ပုံနှိုင်းပြောရရင် တောင်တိုင်းမှာ စန္ဒကူးမရှိပေမယ့် ထောင်တိုင်းမှာ နိုင်ငံရေးအကျဉ်သားရှိတယ်လို့ ဆိုရမလို့ပါ။ (ခိုးဆိုးလုယက်၊ လူသတ်မုဒိန်း အစရှိတဲ့ ဘာရာဇဝတ်မှုတခုကိုမှ မကျူးလွန်ရပါဘဲနဲ့၊ အမှန်တရားကို မြတ်နိုးမိလို့၊ အမှန်တရားဘက်က ရပ်တည်မိလို့၊ အမှန်တရားနဲ့ အဆက်အသွယ်ရှိလို့ ဆိုပြီး နံရံလေးဘက်ကြား အပို့ခံခဲ့ရတဲ့သူတွေဟာ နိုင်ငံရေးအကျဉ်းသားတွေဖြစ်တယ်) နိုင်ငံရေးအကျဉ်းသား တဦးတည်းပင်ဖြစ်စေ ထောင်ထဲမှာ ကျန်နေဦးတော့ အမှန်တရားဟာ ထောင်ချခံနေရဆဲပဲလို့ ကျနော်တို့မှာပြောခွင့်ရှိတယ်။ အမှန်တရားကိုထောင်ချတဲ့သူဟာ အမှန်တရား ဘယ်တော့မှ ဖြစ်မလာနိုင်ဘူး။

ဒီမှာ ထောင်တွေရဲ့ခါတ်ပုံတွေ၊ ဖွဲ့စည်းပုံ ပုံကြမ်းတွေ၊ အခန်းအလည်စားပွဲပေါ်မှာက အင်းစိန် ဗဟိုစံပြ အကျဉ်းထောင်ရဲ့ ပုံစံငယ်နဲ့၊ ထောင်ထဲထည့်ထားပြီးတာတောင် နိုင်ငံရေးအကျဉ်းသားတွေကို အထီးကျန်သတ္တဝါတွေ ဖြစ်အောင် စံနစ်တကျ ပက်ပက်စက်စက် ကြံစည်တည်ဆောက်ထားတဲ့ တိရိစ္ဆာန်ရုံထဲက ကျားလှောင်အိမ်ဆန်ဆန် တိုက်ပုံစံငယ်လေး များ စတာတွေကိုလည်း ဆက်လက်တွေ့မြင်နိုင်တယ်။

ကားချပ်ပေါ်က ခါတ်ပုံတွေကတော့ ထောင်ထဲမှာ အကျဉ်းသားတွေကို အတင်းအကြပ် သွတ်သွင်းထားတဲ့ ထောင်ပုံစံတွေ ဖြစ်ပါတယ်။ (ပုံစံ ဆိုတာ ထောင်စကားလုံးပါ) ပဒေသရာဇ်ခေတ်က အရှင်နဲ့ ကျေးကျွန် ဆက်ဆံရေးကို ထောင်အာဏာပိုင်နဲ့ အကျဉ်းသားကြားမှာ ထူထောင်ထားရှိပြီး အကျဉ်းထောင်ထဲရောက်လာတဲ့ လူတယောက်ရဲ့ စိတ်ပိုင်း ဆိုင်ရာနဲ့ မွေးရာပါ လူ့ဂုဏ်သိက္ခာကို အညွန့်ချိုးဖို့ သေသေချာချာ ကြံစည်ထားတာပါ။ မော်ဖူးစေ ဆိုမှ ခေါင်းကိုမော့ခွင့်ရှိတဲ့ ရိုးရိုးပုံစံကစပြီး၊ သူတို့ရဲ့ ကျိုးကြောင်းဆီလျော်မှုကင်းမဲ့ပြီး စော်ကားအနိုင်ကျင့်တဲ့ စည်းကမ်းဥပဒေတွေကို အလွယ်တကူလက်ခံဖို့ အဆင်သင့် မဖြစ်သေးတဲ့သူတွေကို ပေးလေ့ရှိတဲ့ လူတယောက်ရဲ့ ခန္ဓာကိုယ်ကို မိနစ်စက္ကန့်နဲ့အမျှ ပင်ပန်းနာကျင်စေတဲ့ ပြစ်ဒဏ်ပုံစံကြီးအဆုံး ဖေါ်ပြထားပါတယ်။ တကယ်လို့ စစ်အာဏာရှင်စံနစ်သာ အမြစ်ခိုင်သွားခဲ့ရင် ဒီ ထောင်ပုံစံတွေဟာ နံရံလေးဘက်ရဲ့အပြင်က မြန်မာပြည်သူတရပ်လုံး လက်ခံလိုက်နာရမယ့် ပုံစံတွေဖြစ်မလာဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။ (တကယ်တော့ စစ်အာဏာရှင်စံနစ် ဆိုတာကလည်း ဘောင်းဘီဝတ်ထားတဲ့ သက်ဦးဆံပိုင် ပဒေသရာဇ်စံနစ်ပါပဲ)

နောက်ကားချပ်တခုပေါ်မှာတော့ အကျဉ်းသားတွေ ရေငင်နေပုံကို သရုပ်ဖေါ်ထားတာ တွေ့ရပါလိမ့်မယ်၊ သရက်ထောင်ဆိုတာ နိုင်ငံရေး အကျဉ်းသားတွေကို ဖိနှိပ်တဲ့နေရာမှာ နာမည်ကျော်ခဲ့တဲ့ အဆိုးဆုံးထောင်တခု ဖြစ်ပါတယ်၊ အဲဒီမှာ နိုင်ငံရေးအကျဉ်းသားတွေဟာ အတောင်နှစ်ဆယ်လောက်နက်တဲ့ တွင်းထဲကရေကို စည်ပိုင်းအသေးစားတလုံးနဲ့ လူရှစ်ယောက်အားကိုသုံးပြီး ဆွဲတင်ကြရတယ်။ တပုံး မဟုတ်ဘူး၊ နှစ်ပုံးမဟုတ်ဘူး။ တဆောင်လုံး တထောင်လုံး နီးပါး သုံးဖို့ ချိုးဖို့ ဆွဲခဲ့ကြရတယ်။ အဲဒါကို ထောင်အာဏာပိုင်တွေ ပြောဆိုပုံက ကျန်းမာရေးအတွက် ကာယလေ့ကျင့်ခန်းသဘော လုပ်ပေးထားတာပါတဲ့။ မဟာဂရုဏာကြီးမားလှတဲ့ စစ်အစိုးရဆီက ကျနော်တို့ နိုင်ငံရေးအကျဉ်းသားတွေရခဲ့တဲ့ ကျန်းမာရေး စောင့်ရှောက်မှုဆိုတာ အဲဒါပါပဲ။

ရဲဘက်လို့ခေါ်တဲ့ အလုပ်စခန်းအသီးသီးမှာရှိတဲ့ အကျဉ်းသားတွေရဲ့ မဝရေစာစားရပြီး မတန်တဆ အခိုင်းခံနေရတဲ့ ဘဝကိုလည်း ခါတ်ပုံတွေက ဆက်ပြောပြနေပါတယ်။ မောင်ထင်ရဲ့ ဘေသာ အဲဒီရဲဘက်စခန်းတွေကို ရောက်ခဲ့ ရင် ဂျပန်ခေတ်ကချွေးတပ်စခန်းဆိုတာ ပန်းခင်းထဲမြင်းစီးရသလိုပဲလို့ မှတ်ချက်ချပါလိမ့်မယ်။ ဂျပန်တွေဟာ စစ်အစိုးရ လောက်မပါးနပ်တဲ့အတွက် သူတို့ရဲ့ချွေးတပ်ကို လုပ်အားပေးလို့ မခေါ်တတ်ခဲ့ပါဘူး။ လုပ်အားပေးနဲ့ ရဲဘက်စခန်းဆိုတာ ကလည်း ဒင်္ဂါးပြားရဲ့ ခေါင်းနဲ့ပန်းလို အဓိပ္ပါယ် သိပ်မဝေးပါဘူး။

ဒီနေ့ခေတ်ဟာ ပညာခေတ်တဲ့။ အရာရာကို ငြင်းပယ်လေ့ရှိတဲ့ စစ်အစိုးရကတောင် သံယောင်လိုက်ပြီး ပြောတတ်နေပါပြီ။ အဲဒီ့ပညာခေတ်ကလူတွေဟာ အရွယ်သုံးပါး စလုံးမှာ အမြဲမပြတ် လေ့လာဆည်းပူးနေကြရမှာ ဖြစ်ပါတယ်၊ ပညာခေတ်မရောက်ခင် လွန်ခဲ့တဲ့နှစ်ငါးဆယ်ကျော်က တိုင်းတပါးသား နယ်ချဲ့အစိုးရလက်ထက်မှာတောင် ထောင်ကျခံ နိုင်ငံရေးသမားတွေဟာ ထောင်ထဲမှာ စာပေဖတ်ရှုခွင့်၊ ရေးသားခွင့်၊ လေ့လာသင်ကြားခွင့်တွေ တရားဝင်ရရှိခဲ့ပေမယ့်၊ အခု ကိုယ့်အမျိုးသားအချင်းချင်း စစ်အစိုးရလက်အောက်မှာတော့ စာပေဆိုတာ ဆေးပေါ့လိပ်ဖင်ဆီခံခွာပြီး ရှာဖတ်ရတဲ့ဘဝ ရောက်နေပါပြီ။ ထောင်ဝင်စာမှာပါတဲ့ ဟင်းထုပ်လာတဲ့ သတင်းစာစက္ကူ လက်ဝါးလောက်ဆိုရင်တောင် ချိန်ကိုက်ပုံးတလုံးကို ရှာတွေ့သလို ပြုံးတုံးပြံတဲနဲ့ ဘူးဝမှာ အသိမ်းခံကြရပါတယ်။ အဲဒီလို ဆိုးဝါးစွာဖိနှိပ်ထားတဲ့ အခြေအနေကြားမှာကိုပဲ ကျနော်တို့နိုင်ငံရေးအကျဉ်းသားတွေဟာ လေ့လာသင်ကြားရေးနဲ့ ရဲဘော်ချင်းကြား ကူးလူးဆက်ဆံရေးကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖန်တီးပြုလုပ်ခဲ့ကြတယ်။ ပလစ်စတစ်ပေါ်မှာ သံချောင်းနဲ့ခြစ်ပြီး စာရေးနည်း။ မှိန်ပျတဲ့ မီးရောင်အောက်မှာ နံရံပေါ်အရိပ်ဟပ်ပြီး ဖတ်နည်းတွေကို ဓါတ်ပုံထဲမှာ သင်တွေ့ရလိမ့်မယ်။

စာရေးဆရာကြီးတယောက်က ထောင်ကို ဘဝတက္ကသိုလ်လို့ခေါ်ဆိုခဲ့တယ်။ ကျနော်တို့ နိုင်ငံရေးအကျဉ်းသားတွေဟာ ထောင်ထဲမှာ အများကြီးလေ့လာသင်ကြားခဲ့ကြတယ်။ ဖိနှိပ်သူက လေ့လာသင်ကြားရေး ကင်းဝေးပြတ်တောက်ပြီး ကျနော်တို့ရဲ့ အသိဉာဏ်တွေကို အကြောသေ သွားအောင် ရည်ရွယ်ခဲ့လေလေ ကျနော်တို့က လေ့လာသင်ကြားကြလေလေပဲ။

အခုသင်တွေ့နေရတဲ့ ရောင်စုံအိတ်လှလှလေးတွေ၊ ကြိုးပုတီးတွေ၊ ဆပ်ပြာနဲ့ ထုဆစ်ထားတဲ့ အရုပ်လေးတွေ၊ သိုးမွေးလက်ကိုင်ပုဝါလေးတွေဟာ ကျနော်တို့ရဲ့ လေ့လာသင်ကြားရေးနဲ့ပတ်သတ်ပြီး အာဏာပိုင်အလိုကို ဆန့်ကျင်လှုပ်ရှားရင်းက ထွက်လာတဲ့ ထုတ်ကုန်တွေဖြစ်ပါတယ်။ စိတ်ရှည်မှု၊ အာရုံစူးစိုက်မှုနဲ့ အတတ်ပညာတစုံတရာ၊ ကျနော်တို့နိုင်ငံရေးအကျဉ်းသားတွေဟာ တကယ်ပဲ လေ့လာသင်ကြားခဲ့ကြပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေရဲ့ အသိဉာဏ်၊ ယုံကြည်ချက်နဲ့ တိုက်ပွဲဝင်စိတ်ဓါတ် တွေဟာ စစ်အစိုးရရဲ့အလိုကျ ထောင်ထဲမှာ သေဆုံးမသွားခဲ့တာဟာ ဒီလေ့လာသင်ကြားရေးကြောင့် ဖြစ်တယ်၊ ဒီလေ့လာ သင်ကြားရေးကြောင့်ပဲ စစ်အစိုးရဆန့်ကျင်ရေးလမ်းကြောင်းပေါ်မှာ ကျနော်တို့နိုင်ငံရေး အကျဉ်းသား ဟောင်းတွေ ပြန်လည် စုရုံးမိကြခြင်း ဖြစ်ပါတယ်။

အမှန်တရားအတွက် တိုက်ပွဲဝင်တာဟာ လူသားရဲ့အမြင့်မားဆုံး အဓိပ္ပါယ်ဖြစ်ပြီး၊ အဲဒီလို တိုက်ပွဲဝင်နေသူတွေကို အသိအမှတ်ပြုတာ၊ အားပေးထောက်ခံတာ ဟာလည်း လေးနက်တဲ့ အနှစ်သာရဖြစ်တယ်။ တိုက်ပွဲဝင်အင်အားစုတွေနဲ့ ကမာ္ဘယ့်မိသားစုတို့ကြားက နွေးထွေးနီးကပ်တဲ့ ဆက်ဆံရေးနဲ့ အာဏာရှင်စံနစ်အပေါ် အဆုံးတနေ့ အောင်ပွဲခံရေးအဓိဋ္ဌာန်ကို ကတ္တီပါဖုံးစားပွဲလေးပေါ် မီးမောင်းထိုးပြထားတဲ့ ဆုတံဆိပ်တွေမှာ တွေ့ရှိနိုင်ပါတယ်၊ ဒီဆုတံဆိပ်တွေဟာ ကျနော်တို့ရဲဘော်တွေရဲ့ အတ္တအဆာပြေမှုနဲ့ တကိုယ်ရည် အောင်မြင်ကျော်ကြားမှုတို့အတွက် ဂုဏ်ယူဝင့်ကြွားစရာ ရင်ဘတ်ကရွှေကြယ်သီးတွေ မဟုတ်ပါဘူး။ အဖိနှိပ်ခံပြည်သူတွေရဲ့ နာကျင်ပင်ပန်းနေတဲ့ ဘဝတွေနဲ့ ဘယ်တော့မှ အငွေ့မသေနိုင်တဲ့ မတရားမှုဆန့်ကျင်ရေး စိတ်ဓါတ်တွေအပေါ် ကမ္ဘာကြီးရဲ့ အသိအမှတ်ပြု မှတ်တမ်းတွေပါ။

ထောင်ထဲကထွက်လာတဲ့ နိုင်ငံရေးအကျဉ်းသားတိုင်းမှာ သေရွာပြန်မှတ်တမ်း ကိုယ်စီနဲ့ပါ၊ ဒီမှတ်တမ်းတွေကို ကမ္ဘာကသိအောင် ကျနော်တို့ ထုတ်ဝေခဲ့ကြပါတယ်။ နောင်လည်း ထုတ်ဝေနေကြမှာပါ။ စစ်အာဏာရှင် ဆန့်ကျင်ရေး တိုက်ပွဲ မပြီးဆုံးသေးသမျှ ဒီမှတ်တမ်းတွေကလည်း ကုန်ဆုံးသွားမှာမဟုတ်ပါဘူး။ အခုပြသထားတဲ့ စာအုပ်တွေထဲမှာ အေအေပီပီက လောလောဆယ်ထုတ်ဝေထားတဲ့ ရှင်သန်ခြင်းအတွက် စိတ်ဓါတ်ခွန်အားကို သင်ဖတ်ကြည့်ပါ၊ ဧရာဝတီ မဂ္ဂဇင်း မျက်နှာဖုံးပေါ်က ခြေကျင်းခတ်ခံထားရတဲ့ ခြေထောက်တစုံဟာ ဘယ်လိုဆက်လက် ရပ်တည် လျှောက်လှမ်းခဲ့သလဲ။ မြန်မာပြည်သူတွေ အဖိနှိပ်ခံဘဝမှာ ဘယ်လိုစိတ်ဓါတ်နဲ့ ဆက်လက်ရှင်သန် နေကြသလဲ။

ကျွန်ုပ်တို့၏ရင်ထဲမှ သင်တို့၏ရင်ထဲသို့ ပို့ဆောင်ဝေမျှလိုက်ပါတယ်။

ဒီအခန်းထဲက မထွက်ခင်မှာ သင့်ကိုနှုတ်ဆက်နေတဲ့ ဓါတ်ပုံတွေထဲက ရာပေါင်းများစွာသော မျက်နှာတွေဟာ ဒီနေ့စစ်အာဏာရှင်ရဲ့ အကျဉ်းထောင်ထဲမှာ ကျန်ရှိနေတဲ့ ကျနော်တို့ရဲ့ အလံမလှဲတဲ့ရဲဘော် ညီအကိုတော် နိုင်ငံရေးအကျဉ်းသားတွေပါ။ တချို့ဆို ကျခံနေရတဲ့ ထောင်ဒဏ်နှစ်တွေဟာ သူတို့ရဲ့ လက်ရှိအသက်ထက် ကြီးပါတယ်။ ဟုတ်ကဲ့၊ နှုတ်ဆက်လိုက်ပါတယ်။

သင်သွားလေရာ နေရာတိုင်းဆီ ကျနော်တို့ရဲ့ပြခန်းကလေးကို သင့်ကိုယ်နှင့်မကွာ ယူဆောင်သွားပေးပါ။ ကျေးဇူးတင်ပါတယ်။

နှင်းခါးမိုး

ခေတ်ပြိုင်ဂျာနယ်မှ ကူးယူဖော်ပြသည်။

■

ယုံကြည်ချက်

၁၀ နှစ်တာကာလအတွင်း အဖက်ဖက်မှ ကူညီအားပေးခဲ့ကြသည့်၊ လက်တွဲလုပ်ကိုင်ခဲ့သည့် အဖွဲ့အစည်းများ၊ တသီးပုဂ္ဂလများအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် မြန်မာနိုင်ငံ အတွင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ရေးအတွက် အဓိကဖြစ်သည့် မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လည်လွတ်မြောက်လာနိုင်ရေးအတွက် အစွမ်းကုန် ကြိုးစား သွားမည်ဖြစ်ကြောင်း မိမိတို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ သံဓိဋ္ဌာန်ပြုအပ်ပါသည်။

နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

ကန္တာရမိုင်တိုင်များ

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

အေအေပီပီဘီ

၁၀ နှစ်ပြည့်မှတ်တမ်း

၂၃ မတ် ၂၀၀၀ - ၂၃ မတ် ၂၀၁၀